www.burmeseclassic.com




# ဖိနှငှကရိုး

ာ်ဒေဒွ နှင့် မိသားစုလေးဟာကပာသမျ

www.burmeseclassic.com

www.burmeseclassic.com

## တို့တာဝန်အရေးသုံးပါး

* ပြည်ထောင်စုမပြိုကွဲရေး — တို့အရေး
* တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — တို့အရေး
* အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — တို့အရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ပေါ်ပေါက်လာရေး
* ပြဋ္ဌာန်းလိုက်သော ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

# စိန်ငှက်ရိုး

## မိတ်ဆွေနှင့် မိသားစုလောက ဟာသများ

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက် | ❖ | ၄၀၀၀၈၇၀၁၀၇ |
| မျက်နှာဖုံးခွင့်ပြုချက် | ❖ | ၄၀၀၂၁၉၀၂၀၇ |
| အကြိမ် | ❖ | ပထမအကြိမ် |
| အုပ်ရေ | ❖ | ၅၀၀ |
| တန်ဖိုး | ❖ | 1000 K ကျပ် |
| စီစဉ်သူ | ❖ | ကိုမြသိန်း (မိတ်ဆွေစာပေ) |
| ထုတ်ဝေသည့်ခုနှစ် | ❖ | ၂၀၀၇ ခုနှစ်၊ ဧပြီလ |
| မျက်နှာဖုံးပန်းချီ | ❖ | ကိုရွှေထူး |
| ကွန်ပျူတာစာစီ | ❖ | မြစ်ခွဲကိုးစင်း |
| ထုတ်ဝေသူ | ❖ | ဦးချစ်ညွန့် (၀၄၀၀၄)<br>ဇင်ရတနာစာပေ<br>၂၀၅၊ က/၄-လမ်း၊<br>မြို့သစ် (က+ခ)ရပ်ကွက်၊<br>အင်းစိန်။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | ❖ | ဦးကြည်စင် (၀၄၆၁၅)<br>လှဲ့လှဲ့မွန်ပုံနှိပ်တိုက်<br>၁၅၈၊ ၄၅-လမ်း၊<br>ဗိုလ်တထောင်။ရန်ကုန်။ |
| ဖြန့်ချိရေး | ❖ | မိတ်ဆွေစာပေ<br>အမှတ် (၅၂၇)၊ ဘုရင့်နောင်၊<br>ပေါက်တော၀၊ အင်းစိန်။ |


## မာတိကာ


| | | |
|---|---|---|
| ၁။ | အလုပ်ထဲမှာ | ၁ |
| ၂။ | မိသားစုစည်းကမ်း | ၂ |
| ၃။ | သမီးကော်ဖီ | ၄ |
| ၄။ | ဘိုးဘိုးကို လွမ်းလို့ပါ | ၅ |
| ၅။ | ဒိန်ခဲ ,ဆစ်ပြာ | ၇ |
| ၆။ | မေမေ့ကို မေးကြည့် | ၉ |
| ၇။ | ရှက်ဖို့ကောင်း | ၁၁ |
| ၈။ | ဒီလိုလား | ၁၃ |
| ၉။ | သူဌေးဆိုတာ | ၁၄ |
| ၁၀။ | မကောင်းရင် ဆွဲဆိတ် | ၁၉ |
| ၁၁။ | အိပ်မက်တွေက | ၂၀ |
| ၁၂။ | လက်ရေးက | ၁၆ |
| ၁၃။ | လွဲပုံက | ၁၇ |
| ၁၄။ | လူစွမ်းကောင်းတွေ | ၂၂ |
| ၁၅။ | သားမက်လောင်း | ၂၃ |
| ၁၆။ | တော်ပုံက | ၂၅ |
| ၁၇။ | ဖြစ်ရပုံက | ၂၆ |
| ၁၈။ | ဂုဏ်ပြုကြပုံက | ၂၈ |
| ၁၉။ | နှစ်ဆယ်ဆိုတာ | ၂၉ |
| ၂၀။ | မခိုးလောက်ပါဘူး | [illegible] |
| ၂၁။ | သားလိမ္မာဆိုတာက | ၃၂ |
| ၂၂။ | ပူ , ပူ | ၃၃ |
| ၂၃။ | သူနိုင် ကိုယ်နိုင် | ၃၅ |


www.burmeseclassic.com

www.burmeseclassic.com


၂၄။ တာဝန်ကိုယ်စီ ၃၆
၂၅။ တွေ့ရှိခဲ့ပုံကြီးက ၃၇
၂၆။ ဟုတ်ပ ၃၈
၂၇။ သိပ်မစားရင် ၃၉
၂၈။ ဂုဏ်ပြုချင်လို့ပါ ၄၁
၂၉။ ထူးခြားပုံက ၄၂
၃၀။ ကိုကိုကြောင် ၄၃
၃၁။ မိတ်ဆွေသုံးယောက် ၄၅
၃၂။ မိသားစုလိုက်မှိုခို ၄၇
၃၃။ လေးကြိမ်တောင်ဆိုတော့ ၄၉
၃၄။ မိသားစုစာပေ ၅၀
၃၅။ ပျင်းလို့ပါ ၅၁
၃၆။ ကြိမ်းဝါးပုံက ၅၃
၃၇။ ခွဲစိတ်ပါရဂူဆိုတာ ၅၄
၃၈။ အကျိုတော့ လဲပါရစေ ၅၅
၃၉။ ဉာဏ်, ဉာဏ် ၅၇
၄၀။ ရှေ့နေဆိုတာ ၅၈
၄၁။ အိမ်ဖော်ဆိုတာက ၆၀
၄၂။ ယောလီးဝုဒ်ဆိုတာ ၆၁
၄၃။ အကြောင်းမသိလို့ ၆၂
၄၄။ လူပြောင်းပြန် ၆၃
၄၅။ သူဟာတွေဆိုတော့ ၆၅
၄၆။ လူရိုင်းတွေတဲ့ ၆၇
၄၇။ အကြောင်းပြချက်က ၆၈
၄၈။ နက်ရှိုင်းပါ ၆၉
၄၉။ ကြွားချင်ဦးပေါ့ ၇၁
၅၀။ ငွေနဲ့ အတွေ့အကြုံ ၇၃
၅၁။ လွယ်တယ်ဆိုပေမယ့် ၇၅
၅၂။ တိုက်ပုံက ၇၆
၅၃။ မွေးမြူရေးဆိုတာ ၇၇
၅၄။ နောက်နှစ်တွေကျရင် ၇၈
၅၅။ ဘုရားကျောင်းသွားဖို့က ၇၉
၅၆။ ငတ်လိုက်ပုံ ၈၁
၅၇။ ရှားပါးဟာသတွေ ၈၃
၅၈။ ဂုဏ်ပြုပွဲစဉ်းက ၈၆
၅၉။ ကြိုက်ကြိုက်, မကြိုက်ကြိုက် ၈၇
၆၀။ ကောင်းပုံက ၈၈
၆၁။ လိုက်လှဲစွာကြိုဆိုပုံက ၉၀
၆၂။ အလုပ်မရှိပုံက ၉၂
၆၃။ လျှော့ပါ ၉၃
၆၄။ လက်သမားပျံဆိုတာက ၉၄
၆၅။ ဖြစ်နေကြပုံများ ၉၅
၆၆။ လက်ဖွဲ့လိုက်လို့ ၉၇
၆၇။ အမွေခွန့်ပါ ၉၈
၆၈။ မကြိုက်မှဝယ်ပါ ၉၉
၆၉။ အကြံကောင်း ၁၀၀
၇၀။ ခွေးနဲ့လင် ၁၀၁
၇၁။ ချစ်, ချစ်မှုများရှင် ၁၀၃


www.burmeseclassic.com

www.burmeseclassic.com


၇၂။ ချစ်ရင်မငိုရဲ့ ၁၀၆
၇၃။ မှန်ပုံက ၁၀၈
၇၄။ ဝေးလေလေ ကောင်းလေလေ ၁၀၉
၇၅။ အစားလောဘ ၁၁၀
၇၆။ စိတ်ကူးယဉ်စွမ်းအားရှင် ၁၁၂
၇၇။ အရှင်အတိုင်းပဲ ၁၁၃
၇၈။ ဖြစ်ပုံက ၁၁၅
၇၉။ ဖြစ်ရလေခြင်း ၁၁၆
၈၀။ မဝင်ရ ကိုက်တတ်သည် ၁၁၈
၈၁။ စိတ်ဝင်စားသောနေ့ ၁၁၉
၈၂။ သိမှာပေါ့ ၁၂၀
၈၃။ တစ်ခွက်တည်းပါ ၁၂၁
၈၄။ မတော်တဆ ၁၂၂
၈၅။ နင်းနိုင်ပါတယ် ၁၂၃
၈၆။ အိပ်ဆေး ၁၂၄
၈၇။ အားနာလို့ ၁၂၅
၈၈။ ကြိုက်မရှက် ငတ်မရှက် ၁၂၆
၈၉။ ကောင်းပါတယ် ၁၂၈
၉၀။ ဝါသနာ ၁၂၉
၉၁။ အငှားလိုက်သည် ၁၃၀
၉၂။ သူဌေးဖြစ်နည်း ၁၃၁
၉၃။ သူကြီးသား ၁၃၂


# အလုပ်ထဲမှာ

ကျွန်တော်နှင့် သားငယ်နှစ်ယောက်တို့သည် အိမ်သို့ ကားဖြင့် ပြန်လာကြစဉ် နောက်ထိုင်ခုံတွင် တစ်လမ်းလုံး ဆူညံစွာဖြင့် ငြင်းခုံလာကြသည်။

မောပန်းလာသော ကျွန်တော်သည် စိတ်တိုလာပြီး နောက်သို့လှည့်ကြည့်၍…

'တဲ… မင်းတို့ကြီးလာရင် မင်းတို့ရဲ့ကလေးတွေလည်း အခုလိုပဲ ဆူညံငြင်းခုံနေကြမှာပါပဲ'

ထိုအခါ ၇နှစ်အရွယ် သားငယ်က ပြန်ပြောလိုက်သည်မှာ…

'ကိစ္စမရှိပါဘူး၊ ကျွန်တော်က တစ်နေ့လုံး အလုပ်ထဲမှာပဲ ရှိနေမှာပါ'ဟူ၏။

❦ ❦ ❦

www.burmeseclassic.com

www.burmeseclassic.com



# မိသားစုစည်းကမ်း

အလွန်ကြီးမားကျယ်ဝန်းသော ကုန်တိုက်ကြီးတစ်ခုထဲတွင် အမျိုးသမီးတစ်ဦးသည် ကလေးငယ် ၂ ယောက်နှင့်အတူ ဈေးဝယ်ရန် ဝင်ရောက်လာသည်။ ကလေးငယ်တစ်ဦးမှာ ၂ နှစ်အရွယ်ခန့်နှင့် တစ်ဦးမှာ ၄ နှစ်အရွယ်ခန့်ဖြစ်သည်။ ကလေးတို့မှာ ကုန်တိုက်ခန်းမကြီးထဲသို့ အမျိုးသမီးရှေ့မှ ပြေးလွှားသွားနေကြ၏။ မကြာမီ သူမက 'မီးဝါ'ဟု လှမ်းအော်လိုက်သည်။ ကလေးနှစ်ဦးသည် ရုတ်ခြည်းပင် အပြေးရပ်သွားကြပြီး ဖြည်းဖြည်းမှန်မှန် လျှောက်သွားတော့သည်။








ဈေးဝယ်သူ များပြားရှုပ်ထွေးနေသည့် နေရာသို့ သားအမိ သုံးဦးစလုံး ရောက်လာကြသည်။ 'မီးနီ'ဟု မိခင်က အော်လိုက်သည်။ ကလေးတို့ ဆက်မသွားတော့ဘဲ ရပ်နေလိုက်ကြသည်။

မိခင်ကလည်း ကလေးတို့ကို မီလာပြီး 'မီးစိမ်း'ဟု သူမ အသံကြားလိုက်ရလျှင် ကလေးတို့သည် အနီးဝန်းကျင်၌ သူတို့သားအမိများအား သဘောကျ၍ ကြည့်နေသည့် ဈေးဝယ်သူတို့အလယ်မှ အားရဝမ်းသာ ခုန်ပေါက်ပြေးလွှားထွက်သွားကြလေ၏။

❦ ❦ ❦

www.burmeseclassic.com

www.burmeseclassic.com




## သမီးကော်ဖီ

ကျွန်မသည် သူငယ်ချင်းဖြစ်သူ မေရီထံ သွားလည်သောအခါ သူမ၏ ၃ လအရွယ် သမီးကလေးကို 'ကော်ဖီ' ဟု ခေါ်နေကြသည်ကို ကြားလိုက်ရသည်။

ကျွန်မသည် စပ်စုလိုသဖြင့်…

'သူငယ်ချင်းရဲ့ ကလေးနာမည်ကို ဘာဖြစ်လို့ ကော်ဖီလို့ ပေးထားရတာလဲ' ဟု မေးလိုက်ရာ မေရီက ရှင်းပြလိုက်သည်မှာ…

'ကျွန်မတို့လင်မယားအနေနဲ့ ဒီနာမည် ခေါ်ရတာကတော့ ကျွန်မတို့ကို တစ်ညလုံးနိုးပါး အိပ်မရအောင် အမြဲတမ်းလုပ်နေလို့၊ အော်ငိုငိုနေလို့ပါ' ဟူ၏။







## ဘိုးဘိုးကို လွမ်းလို့ပါ

ဘိုးဘိုးကွယ်လွန်သွားပြီး နောက်တစ်နေ့သော ညနေချမ်းတွင် ကျွန်မ၏ ညီမငယ်သည် အိပ်ရာပေါ်တွင် ကွေးကွေးလေးအိပ်လျက် ဝမ်းပန်းတနည်း ငိုကြွေးနေလေသည်။

'သမီးလေး… ဘာဖြစ်လို့လဲကွယ်'

မေမေက တယုတယမေးသည်။

'ဘိုးဘိုးကို လွမ်းလို့ပါ၊ ဘိုးဘိုးရှိတုန်းက စိတ်ညစ်စရာရှိရင် ဘိုးဘိုးကို ပြောပြလို့ရတယ် မေမေရဲ့'

ညီမငယ် ကယ်လ်ရီးက ပြန်ဖြေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မေမေ နားလည်ပါတယ် သမီးလေးရယ်၊ မေမေလည်း လွမ်းတာပဲပေါ့၊ ဒါပေမဲ့ သမီးလေး စိတ်ညစ်နေတာ မေမေ့ကို ပြောပြလို့ မဖြစ်ဘူးလားကွယ်"

ကယ်လ်ရီးက ခေါင်းကို သွက်သွက်ခါအောင် ယမ်းလိုက်သည်။

'ဘာဖြစ်လို့လဲ သမီးလေး'

'မေမေက ဇွတ်အတင်းမေးနေသဖြင့် ကယ်လ်ရီး မဖြေလို့မရတော့သည်နှင့် ဖြေလိုက်သည့်စကားမှာကား...

'ဘာလို့လဲဆိုတော့ မေမေတို့ မမတို့ မကောင်းကြောင်းတွေဖြစ်နေလို့ပါ မေမေရဲ့၊ ဟင့်... ဟင့်...'ဟူ၏။

❦ ❦ ❦







## ဒိန်ခဲ, ဆပ်ပြာ

အင်္ဂလိပ်လူမျိုး မိသားစုတစ်စုသည် သားငယ်ကို ဟော်လန်နိုင်ငံသို့ ခေတ္တအလည်လွှတ်သည်။ သားငယ်နှင့် မသွားမီ အင်္ဂလိပ်သိပ်မဆန်ရန်နှင့် ဒတ်ချ်လူမျိုးတို့၏ ဓလေ့ထုံးစံကို အလေးထားရန် သွန်သင်မှာကြားလိုက်သည်။

သားငယ်သည် ဟော်လန်တွင် အစစအဆင်ပြေနေသည်မှာ နံနက်စာတွင် စားခဲ့သည့် 'ဒိန်ခဲအရသာကို နှစ်သက်ပါသလား'ဟု မေးချိန်အထိ ဖြစ်တော့သည်။ ထိုအမေးကို မစဉ်းစားဘဲ ဖြေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒိန်ခဲက ဆပ်ပြာစားရသလိုနဲ့ တူတယ်ခင်ဗျ' ဟု ဖြစ်၏။ ထိုသို့ပြောလိုက်ပြီးကာမှ လိုက်လျောညီထွေရှိပါမည် ဟု မိဘများအား ပေးခဲ့သော ကတိကို သတိရ၍ ပြင်ပြော လိုက်သည်မှာကား...

'ကျွန်တော်က ဆပ်ပြာကို မကြိုက်လို့ပြောတာ မဟုတ်ဘူးခင်ဗျ နော်' ဟူ၏။







## မေမေ့ကိုမေးကြည့်

ဖခင်တစ်ဦးသည် သားဖြစ်သူအား အက္ခရာသင်္ချာ သင်ကြားရာတွင်...

သား ။ ။ 'ဖေဖေ ကျောင်းကပေးလိုက်တဲ့ပုစ္ဆာက အေနဲ့ ဘီဟာ တစ်အိမ်တည်းမှာ အတူနေထိုင်ကြသတဲ့၊ အေဆိုတဲ့လူက နှစ်ဆယ့်ငါးဒေါ်လာပဲ ဝင်ငွေ ရှာနိုင်တယ်တဲ့၊ အေက ဘီကို သူရှာဖွေပို့ရရှိ ခဲ့တဲ့ နှစ်ဆယ့်ငါးဒေါ်လာကို အကြွေးပေးသတဲ့၊

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ဘီက အသုံးအဖြုန်းကြမ်းတော့ နှစ်ဆယ့်ငါးဒေါ်လာနဲ့မလောက်ဘူး၊ သုံးဆယ့်ငါးဒေါ်လာ ကုန်သွားသတဲ့၊ အဲဒါ အဖြေ ဘယ်လိုထွက်မှာလဲ ဖေဖေ'

ဖခင် ။ ။ 'အဲဒီအဖြေကို မင်းမေမေကိုပဲ မေးကြည့်ပါလား သားရယ်'ဟူ၏။

❦ ❦ ❦







## ရှက်ဖို့ကောင်း

အသက် ၁၀ နှစ်သမီးလေး ရှယ်လီ၏ သူငယ်ချင်းများသည် သူတို့အိမ်များ၌ ခွေးများမွေးထားသည်ကို ရှယ်လီ တွေ့တွေ့နေရသဖြင့် သူလည်း ခွေးချစ်တတ်သောကြောင့် အိမ်တွင် ခွေးတစ်ကောင်မွေးရန် မိခင်ဖြစ်သူကို ပူဆာသည်။ မိခင်က ပြတ်ပြတ်သားသားငြင်းသည်။ မိမိတို့အိမ်တွင် ဘာတိရစ္ဆာန်မှ မမွေးရဟု ဆို၏။ ထို့ကြောင့် ခွေးမမွေးဖြစ်။

တစ်နေ့တွင် ရှယ်လီနှင့် မိခင်ဖြစ်သူတို့ ရုပ်မြင်သံကြားကြည့်နေကြသည်။ အစီအစဉ်ထဲတွင် ခွေးအကြောင်း ပါလာသည်။ ခွေးနှင့်လူတို့ တရင်းတနှီးနေထိုင်ကြပုံ၊ ခွေးလိမ္မာကလေးများနှင့် လှပ်ရှားပုံများကို ပြသပြီး အစီအစဉ်ကြေညာသူက...

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်တို့ကို တိုင်းပြည်မှာ ခန့်မှန်းခြေအရ ခွေးကောင်ရေ ငါးဆယ်သုံးသန်းခန့်ရှိပါတယ်'ဟု ကြေညာသွားသည်။

ထိုအခါ ရှယ်လီက မိခင်၏လက်ကို ကိုင်လှုပ်ပြီး ပြောလိုက်သည်မှာကား...

'ကြားလား အမေ၊ သမီးတို့ တိုင်းပြည်မှာ ခွေးကောင်ရေ ငါးဆယ့်သုံးသန်းတောင်ရှိသတဲ့၊ အဲဒါ သမီးတို့အိမ်မှာ တစ်ကောင်မှ မရှိတာ ရှက်စရာကောင်းလိုက်တာ'ဟူ၏။







## ဒီလိုလား

ဆယ်ကျော်သက်မကလေး တစ်ယောက်က သူ့အဖော် ကောင်ကလေးကို တွေ့ဆုံပြီးနောက်...

'ဒီည နင် အိမ်ကိုမလာနဲ့တော့၊ အဘိုးကြီးက အရမ်း ဒေါကန်နေတယ်၊ ညက တို့သူ့ကားကိုယူပြီး အပျော်လျှောက်စီးတာ သိသွားပြီ'

'ဟင်း... သူက ဘယ်လိုလုပ်သိသွားရတာလဲ'

'ဟယ်... နင်ကလည်း တို့ကားက သူ့ကိုရိုက်ခဲ့တယ်လေ'ဟူ၏။

www.burmeseclassic.com

www.burmeseclassic.com



# သူဌေးဆိုတာ

ကုန်ပဒေသာတိုက်ပိုင်ရှင် သူဌေးကြီးတစ်ဦးသည် အထူးကုဆေးရုံကြီးတစ်ခုအပေါ်တွင် သေလုမျောပါးနှင့် ဆေးကုရောက်နေလေ၏။

သူ့မိသားစုအားလုံး သူ့ခုတင်ဘေးတွင် ဝိုင်းအုံပြီး ပူဆွေးငိုကြွေးနေကြသည်။ သူဌေးကတော်ကြီးကလည်း သူဌေးကြီးကို ငုံ့ကြည့်လျက် ငိုယိုနေရင်းမှ…

'အဖေကြီး… ကျွန်မ ခေါ်နေတယ်လေ၊ သိတယ် မဟုတ်လား၊ ကျွန်မတို့အားလုံး ဒီမှာရောက်နေပြီး အဖေကြီး အတွက် ဆုတောင်းပေးနေကြတာ'







သူဌေးကြီးက အသံသဲ့သဲ့ကလေးဖြင့်…

'ဟယ်ရီရှိလား'

'ရှိပါတယ်ဖေဖေ'

'တွမ်ကော'

'ရှိပါတယ်ဖေဖေ'

'ရှယ်လီကော'

'ရှိပါတယ်ဖေဖေ'

'ဂျိုးကော'

'အဖေကြီးခြေရင်းမှာပါ'

ဂျိုး၏ဇနီးက ဝင်ပြောလိုက်သည့်အခါ အဘိုးကြီးက လူးလဲထလိုက်ပြီး ဒေါသဖြင့် ပြောလိုက်သည်မှာကား…

'မင်းတို့အားလုံး ဒီကနေလာကြတော့ ငါ့ဆိုင်ကို ဘယ်သူဦးစီးပြီး ရောင်းတော့မှာလဲကွ' ဟူ၏။

www.burmeseclassic.com

www.burmeseclassic.com



## လက်ရေးက

မိတ်ဆွေနှစ်ဦး စကားပြောနေကြ၏။ အငြင်းအခုံလည်း ဖြစ်နေကြ၏။ ငြင်းခုံရခြင်းအကြောင်းမှာ…

'ငါကတော့ ဆရာဝန်တွေဟာ သူတို့လက်ရေးကို ပီပီသသ ရှင်းရှင်းလင်းလင်း ရေးသင့်တယ်လို့ပဲ ပြောချင်နေတုန်းပဲကွ' ဟု ပြောလိုက်သဖြင့် ကျန်တစ်ဦးမှ ပြန်ပြောလိုက်သည်မှာကား…

'ဒီနေရာမှာ မင်းနဲ့ငါက သဘောကွဲလွဲပြီကွ၊ ငါဆို ငါ့ဆရာဝန်က ရေပေးတဲ့ ပေးစာတစ်စောင်ကို အရင်းပြုပြီး မေတ္တာလက်မှတ်အဖြစ်နဲ့ နှစ်လုံးပေါက်ရုပ်ရှင်ကြည့်လိုက်ရတယ်၊ ပြီးတော့ အခမဲ့လက်မှတ်ဆိုပြီး ရထားစီးခွင့်ရတယ်၊ ခုဆိုရင် ငါ့သမီးတယောထိုးတဲ့နေရာမှာ ဂီတသင်္ကေတအဖြစ်တောင် သုံးနေပြီ' ဟူ၏။

❦ ❦ ❦




## လွဲပုံက

သူငယ်ချင်းမိတ်ဆွေနှစ်ယောက် ညကမက်သော အိပ်မက်များအကြောင်း အပြိုင်ပြောနေကြ၏။

တစ်ယောက်က သူသည် ကိုနေးကျွန်းသို့ ရောက်နေရာမှ မိုးပုံရထားကြီး ပျော်မြူးခဲ့ရပုံများကို ပြောပြသဖြင့် နောက်တစ်ယောက်က…


'ငါ့အိပ်မက်က မင်းထက်ကောင်းတယ်ကွ၊ ငါနဲ့ ရုပ်ရှင်မင်းသမီးကြီးဖိုဗီကိတ်နဲ့ အခန်းတစ်ခန်းထဲမှာ နှစ်ယောက်တည်းတွေ့ရတယ်ကွ၊ ဒါတင်မကသေးဘူး၊ လူခေါ်ခေါင်းလောင်းမြည်လာလို့ တံခါးကို သွားဖွင့်ပေးလိုက်တော့ ဘယ်သူလဲ



www.burmeseclassic.com

www.burmeseclassic.com





## အိပ်မက်တွေက

သဘော်သားသူငယ်ချင်း မိတ်ဆွေသုံးယောက်တို့ သင်္ဘောနစ်ခဲ့ရာမှ ပစိဖိတ်သမုဒ္ဒရာထဲတွင် ဖောင်နှင့်မျောနေခဲ့ကြသည်။ သူတို့အဖို့ လေးရက်လောက်ခရီးကို လေးပတ်လောက်ထင်ခဲ့ရအောင် သောကတွေရောက်နေကြ၏။

နောက်ဆုံးတွင် သောက်ရေတစ်ဂါလံနှင့် စားစရာဝက်ပေါင်ခြောက်တစ်တုံးသာ ရှိတော့၏။ ဝက်ပေါင်ခြောက်ကလည်း လူတစ်ယောက်စာပင် မစားလောက်ဘဲ သေးသေးကလေးဖြစ်နေ၏။

ထို့ကြောင့် သူငယ်ချင်းတစ်ယောက်က…

'တို့သူငယ်ချင်းတွေထဲက အကောင်းဆုံးအိပ်မက်မက်တဲ့လူ ဝက်ပေါင်ခြောက်စားကြေးလေ၊ ဘယ့်နှယ်လဲ'



ကျန်နှစ်ဦးက…

'စိန်လိုက်'

မိတ်ဆွေသုံးဦးသား နာရီအတော်ကြာအောင် အိပ်လိုက်ကြသည်။ အိပ်ရာမှနိုးနိုးချင်း ပထမတစ်ဦးက…

'ငါကွာ အိပ်မက်ထဲမှာ ကောင်းကင်ဘုံသို့ ရောက်သွားတယ်ကွ၊ ဘေးပတ်ပတ်လည်မှာလည်း အပျံစားနတ်သမီးမယ်လေးတွေ ဝိုင်းရံလို့၊ နှိပ်တဲ့သူကနှိပ်၊ ကပြတဲ့သူက ကပြ၊ ပန်းသီးကလေးတွေ ခွံ့ကျွေးတဲ့သူက ကျွေးနဲ့ ဘာကောင်းသလဲ မမေးနဲ့'ဟု ပြောလိုက်သဖြင့် ဒုတိယသူငယ်ချင်းက…

'ငါ့အိပ်မက်ကလည်း အရမ်းကောင်းတယ်ကွ၊ တို့ဖောင်ကလေးက ကျွန်းတစ်ကျွန်းမှာ သွားဆိုက်ပြီး စားသောက်ဆိုင်တစ်ခုမှာ ဘီယာတွေ၊ ဝီစကီတွေ၊ စားစရာတွေအပြည့်အစုံနဲ့ အလျှံပယ်ပဲကွာ၊ အရသာရှိလိုက်တဲ့ဖြစ်ချင်း'ဟု ပြောလိုက်သဖြင့် တတိယသူငယ်ချင်းက ပြန်ပြောလိုက်သည့် အိပ်မက်မှာကား…

'ငါကတော့ မင်းတို့လို ကြီးကြီးကျယ်ကျယ် မဟုတ်ပါဘူးကွာ၊ ငါက အိမ်မှာဆို ယောင်ယောင်ပြီး၊ ထထပြီး စားတတ်သောက်တတ်တဲ့ အကျင့်ပါနေတော့ အဲဒီဝက်ပေါင်ခြောက်ကလေးကို တကယ်စားလိုက်ရတယ်ကွာ'ဟုဆို၏။

❦ ❦ ❦

www.burmeseclassic.com

www.burmeseclassic.com





## လူစွမ်းကောင်းတွေ

မိတ်ဆွေနှစ်ဦး သူတို့အလုပ်ရှင်များအကြောင်းကို ဤသို့ ပြောနေကြ၏။ ပထမတစ်ဦးက…

'ငါ့သူဌေးက ကပ်စေးနည်းတဲ့နေရာမှာ မိုင်နှစ်ရာ ကျော်မှာ ကျန်ခဲ့တဲ့ ဆေးပြင်းလိပ်တိုကို ဓာတ်ဆီအကုန်ခံပြီး ပြန်ယူတယ်ကွ'ဟု ပြောလိုက်သဖြင့် ကျန်တစ်ဦးက သူ့ သူဌေးအကြောင်း ပြောပြလိုက်သည်မှာကား…

'အေးကွာ… ငါ့သူဌေးတို့များ ပိုက်ဆံဖြုန်းပုံကျ တော့ တရားဝင်မယားပေါင်း သုံးဆယ်ကျော်လောက် ယူထား တယ်ကွ'ဟူ၏။

❦ ❦ ❦



## သားမက်လောင်း

လူကြီးလူကောင်းတစ်က မိသားစုဝင် သူ့သားမက် အသစ်စက်စက်ကလေးအကြောင်းကို ဤသို့ ချီးမွမ်းခန်းဖွင့်၏။

'ဒီကောင်ဗျာ အရက်လည်းသောက်မှ မသောက် တတ်၊ ဖဲလည်း မကစားတတ်ပဲ ကစားတတ်တယ်ဗျ'ဟု ပြောလိုက်သဖြင့် သူ၏မိတ်ဆွေက…

'ဒါဆို ခင်ဗျားသားမက်က မဆိုးပါဘူးဗျ'ဟု ပြော လိုက်သဖြင့် သူက ပြန်ပြောလိုက်သည်မှာကား…



www.burmeseclassic.com

www.burmeseclassic.com





'ဘယ်တော်ပါလိမ့်မလဲဗျာ၊ ဒီငနွားက အရက်ကို မသောက်တတ်ဘဲသောက်တော့ မူးယစ်ရမ်းကားလာရော၊ ဖဲလည်း မကစားတတ်ဘဲ သွားသွားကစားနေတော့ ဘယ်နေ့ ကျုပ်တို့အိမ်ပေါ်က ခေါင်းနဲ့ဆင်းရမလဲနဲ့ ရင်တမမနဲ့ဗျ၊ အလကား ခွေးမျိုး'ဟူ၏။

❦ ❦ ❦



# တော်ပုံက

မိတ်ဆွေနှစ်ဦး စကားလိမ်၊ စကားဝှက် ကစားနေကြ၏။ ပထမတစ်ဦးက…

'လူတွေက သူ့အကြောင်းပြောလည်း ဂရုမစိုက်ဘူး၊ သူ့အတင်းပြောလည်း ပိုပြီးတော့တောင် အရွဲ့တိုက်လိုက်သေး၊ ဒါပေမဲ့ သူ့တစ်သက်လုံး အကောင်းပြောခံရတာကို မရှိဘူး၊ အချီးအမွမ်းခံရတာလည်း မရှိဘူး၊ ဒါပေမဲ့ တတ်မြဲ၊ နိုင်မြဲ၊ အဲဒါ ဘာလဲ'ဟု မေးလိုက်သဖြင့် သူငယ်ချင်းက ပြန်ဖြေလိုက်သည်မှာကား…

'ကုန်စျေးနှုန်း'ဟူ၏။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com





## ဖြစ်ရပုံက

အသားဖြူလူမျိုး သဘော်အရာရှိထံ ဇနီးဖြစ်သူမှ မီးဖွားသော သတင်းကို ဤသို့ကြေးနန်းပို့လိုက်၏။

'မောင်... မောင့်အတွက် သားဦးလေးမွေးတယ်၊ အရမ်းချစ်စရာကောင်းတယ်၊ ဒါပေမဲ့ ကျွန်မ နို့သိပ်မထွက်တဲ့အတွက် အိမ်ဖော် အသားမည်းမနို့ကို တိုက်နေရလို့ ကလေးအသားတွေ မည်းကုန်တယ်' ဟူ၍ဖြစ်၏။



ထိုသတင်းကို ယောကျ်ားဖြစ်သူက သူ့အမေထံ ကြေးနန်းလှမ်းပို့၍ အကြောင်းကြားလိုက်သောအခါ အမေဖြစ်သူက ပြန်ကြားလိုက်သည်မှာကား....

'ငါ့သား မင်းငယ်ငယ်က အမေ နို့မထွက်သဖြင့် နွားနို့တိုက်၍ မွေးခဲ့ရသော်လည်း ငါ့သားဘဝမှာ နွားစိတ်မပေါက်ခဲ့၍ အမေ ဝမ်းသာခဲ့ရ၏။ သို့သော် ယခု သားပို့သောသတင်းအရ မင်းရဲ့ခေါင်းတွင် ချိုပေါက်နေပြီဟု အမေထင်ပါသည်' ဟူ၏။



www.burmeseclassic.com

www.burmeseclassic.com





## ဂုဏ်ပြုကြပုံက

မိတ်ဆွေသူငယ်ချင်းနှစ်ယောက် အရက်ဖြတ်နိုင်ခဲ့ကြသည့်အတွက် ဝမ်းသာအားရ ဂုဏ်ယူနေကြ၏။

'ငါက အရက်ကို နှစ်ပတ်လုံးလုံး တစ်စက်တောင် မသောက်ခဲ့ဘူးကွ'

'ငါလည်း ဘာထူးလို့လဲ၊ မင်းလိုပဲပေါ့၊ အဲဒီအတွက် တို့ တစ်ယောက်ကိုတစ်ယောက် ချီးကျူးဂုဏ်ပြုရမှာပဲ' ဟု ပြောလိုက်သဖြင့် ကျန်တစ်ယောက်က ပြန်ပြောလိုက်သည် မှာကား…

'ဟုတ်တယ်ကွ… တို့ကိုယ်ကိုယ် ဂုဏ်ပြုပွဲလေး ကျင်းပရအောင်၊ လာ… သွားစို့၊ အရက်ဆိုင်ကို' ဟူ၏။

✱ ✱ ✱




## နှစ်ဆယ်ဆိုတာ

သူငယ်ချင်းမိတ်ဆွေနှစ်ဦး သားသမီး အကြွားပြိုင်နေကြ၏။

ပထမလူက သူ့သားချောကြောင်း၊ တတ်ကြောင်း၊ လိမ္မာကြောင်း၊ စာတော်ကြောင်း၊ အနှစ်နှစ်ဆယ်လုံးလုံး မည်မျှ သူတို့လင်မယား ပြုစုပျိုးထောင်ခဲ့ရကြောင်း မနားတမ်း ပြောနေသဖြင့် ကျန်တစ်ဦးက ပြန်ပြောလိုက်သည်မှာကား…

'အေးပေါ့ကွာ… ဟုတ်တာပေါ့၊ ဒါပေမဲ့ လူလားမြောက်နေတဲ့ မင်းသားကို မိန်းမတစ်ယောက်က မိနစ်နှစ်ဆယ်အတွင်း ရူးသွားအောင် ကြိုးပမ်းနိုင်တယ်ကွ' ဟူ၏။

✱ ✱ ✱



www.burmeseclassic.com

www.burmeseclassic.com





## မခိုးလောက်ပါဘူး

သမင်ပစ်ရန် တောသို့ သူငယ်ချင်းမိတ်ဆွေများ နှစ်ယောက်တစ်တွဲစီ ထွက်လာခဲ့ကြသည်။ နောက်တစ်နေ့ မနက်တွင် ပြန်ဆုံကြရာ၌ မိတ်ဆွေတစ်ယောက် ပျောက်နေပြီး ကျန်တစ်ယောက်က သမင်ကြီးတစ်ကောင်ထမ်း၍ ပြန်လာကြောင်းတွေ့ရသဖြင့်...

'ဥျန်ရော ဘယ်မှာကျန်ခဲ့လဲ' ဟု ဝိုင်းမေးကြသဖြင့် သမင်ထမ်းလာသူက...



'သူ ဟိုနား သုံးမိုင်လောက်မှာ ချောင်းရိုးထဲပြုတ်ကျပြီး သတိမေ့ကျန်ခဲ့တယ်ကွ'

'ဟင်... မင်းက သူ့ကို ခေါ်မလာဘဲ ဘာကြောင့် သမင်ကြီးထမ်းပြီး ပြန်လာရတာလဲ' ဟု ဝိုင်းပြောကြသဖြင့် သူက ပြန်ပြောလိုက်သည်မှာကား...

'ခက်တာပါပဲဗျာ... ဥျန့်ကို ဘယ်သူမှ ခိုးသွားမယ် မထင်မိလို့ပါ' ဟူ၏။



www.burmeseclassic.com

www.burmeseclassic.com





## သားလိမ္မာဆိုတာက

သား ။ ။ 'အမေ··· အမေ၊ သားအိမ်ဘေးမှာ ထောင်ထား
တဲ့ လှေကားကို တိုက်ချလိုက်မိတယ်'

မိခင် ။ ။ 'သားရယ်··· ဒါဆို မင်းဖေဖေကို သွားပြော
လိုက်လေ'

သား ။ ။ 'ဖေဖေက အားလုံးကိုသိပါတယ်၊ ကြားပါတယ်၊
ဒါပေမဲ့ ဖေဖေက အခု ခေါင်းမိုးပေါ်မှာ တွဲလဲ
ခိုထားတယ်လေ'ဟူ၏။

❦ ❦ ❦



## ပူ ပူ

အမျိုးသမီးတစ်ဦးသည် စွပ်ပြုတ်ဆိုင်တွင် စွပ်ပြုတ်ပူပူကြီးကို မှုတ်သောက်နေစဉ် အိမ်နီးချင်းတစ်ယောက် အပြေးရောက်လာပြီး အမျိုးသမီး၏ယောက်ျား ပြုန်းခနဲ သေဆုံးသွားကြောင်း လာပြော၏။

အမျိုးသမီးက ဘာမှမဖြစ်သလို စွပ်ပြုတ်ကိုသာ ဆက်သောက်နေသဖြင့် အိမ်နီးချင်းအမျိုးသမီးက မအောင့်နိုင်တော့ဘဲ···



www.burmeseclassic.com

www.burmeseclassic.com





'ညည်းနှယ်တော်… ယောကျ်ားတစ်ယောက်လုံးဆိုးတာ ဘာမှပြောဖော်မရပါလား' ဟု ပြောလိုက်သဖြင့် ထိုအမျိုးသမီးက ပြန်ပြောလိုက်သည်မှာကား…

'သြော်… စွပ်ပြုတ်က ပူရတဲ့အထဲ နောက်တစ်ပူကို ရင်ထဲ လောင်းမချနိုင်သေးဘူး တော်ရေ၊ နောက်မှပဲ အေးအေးဆေးဆေးမှ အားရပါးရ အော်ငိုပါရစေတော့' ဟူ၏။



# သူနိုင် ကိုယ်နိုင်

နိုင်ငံရေးမိတ်ဆွေသူငယ်ချင်းနှစ်ယောက် သဘောထားကွဲ၍ စကားများနေကြ၏။ တစ်ယောက်က မကျေမနပ်နှင့် ဒေါသဖြစ်လျက်…

'အေး… မင်းသာ အမတ်ရွေးမယ်ဆိုရင် ငါ မဲမထည့်ဘူး၊ မှတ်ထား'

ဟု ပြောလိုက်သဖြင့် တစ်ယောက်က ပြန်ချေပလိုက်သည်မှာကား…

'ဟ… ငါ အမတ်ဖြစ်မယ်ဆိုလည်း မင်းကို ငါ့ပိုင်နက်ထဲမှာ မထားဘူး၊ သိလား' ဟူ၏။



www.burmeseclassic.com

www.burmeseclassic.com





## တာဝန်ကိုယ်စီ

တရားဟောဆရာက မိတ်ဆွေဆရာဝန်ကို ဤသို့ ဆွယ်တရားဟောနေ၏။

'ဒေါက်တာ့လို လူတစ်ယောက်အနေနဲ့ ဘုရားကျောင်းကိုမှန်မှန်တက်စေချင်တယ်ဗျ' ဟု ပြောလိုက်သဖြင့် ဆရာဝန်က ပြန်ပြောလိုက်သည်မှာကား . . .

'ဒါဆိုလည်း ကျွန်တော်တို့နှစ်ယောက် အပြန်အလှန် ညှိလိုက်ကြရအောင်ဗျာ၊ ဆရာက ကျွန်တော့်ကို ရေမကျအောင် တားဆီးပေးနိုင်မယ်ဆိုရင် ကျွန်တော်ကလည်း ဆရာ့ကို လူ့လောကက ထွက်မသွားရအောင် တာဝန်ယူပေးပါ့မယ်' ဟူ၏။

❦ ❦ ❦



## တွေ့ရှိခဲ့ပုံကြီးက

အဝေးပြေးခရီးသွားစဉ်က ဖြစ်၏။ တစ်ချိန်တွင် ကျွန်တော်တို့မိသားစုသည် စားသောက်ဆိုင်တစ်ဆိုင်၌ ထမင်းဝင်စားနေစဉ် ကျွန်တော်တို့ကျောဘက်၌ အဘိုးကြီး ၄ယောက်သည် စကားကို ကျယ်ကျယ်လောင်လောင်ပြောနေကြ၏။ သူတို့စကားဝိုင်းတွင် လူမှုအဖွဲ့အစည်း၊ လူနှင့် နိုင်ငံတော်၊ လူမျိုး ရေးဆိုင်ရာ ပြဿနာများကို ဆွေးနွေးနေကြခြင်းဖြစ်၏။ နောက်ဆုံးတွင် သူတို့အထဲမှ အဘိုးကြီးတစ်ဦးက ပြောလိုက်သည်မှာကား . . .

'အင်း . . . ကျုပ်တို့လေးယောက်အတွက် တွေးပူစရာမလိုတဲ့ အချက်ကတော့ ရှိထားပြီပေါ့ဗျာ၊ အဲဒါက ဘာလဲဆိုတော့ ကျုပ်တို့လေးယောက်စလုံးဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ မသေနိုင်တော့ဘူးဆိုတာပဲ' ဟူ၏။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com





## ဟာတ်ပ

မိတ်ဆွေနှစ်ဦး ရာသီဥတုအကြောင်း စကားပြောနေကြ၏။

ပထမလူ ။ ။'လေမုန်တိုင်းတွေရဲ့ အမည်ကို ဘာကြောင့် အမျိုးသမီးတွေရဲ့နာမည် ပေးထားသလဲဗျ'

ဒုတိယလူ ။ ။'အမျိုးသမီးတွေက လေကြောရှည်လွန်းလို့ ဖြစ်မှာပေါ့ဗျာ' ဟူ၏။

❦ ❦ ❦



## သိပ်မစားရင်

အမေရိကန်နိုင်ငံ ယေးလ်တက္ကသိုလ်မှ ပါမောက္ခတစ်ဦး အင်္ဂလန်သို့သွားလည်စဉ် အောက်စဖို့တက္ကသိုလ်မှ ဆရာမိတ်ဆွေတစ်ယောက်နှင့် တွေ့ခဲ့ရာ အင်္ဂလိပ်တက္ကသိုလ်ကျောင်းသားများ၏ အကျင့်စရိုက်ကို လေ့လာစူးစမ်းမိ၏။

'ခင်ဗျားတို့တက္ကသိုလ်မှာ ကလေးတွေကို စီးကရက်သောက်ခွင့်ပေးထားသလား'

'အတိအကျကို မပေးပါဘူးဗျာ'



www.burmeseclassic.com

www.burmeseclassic.com





'အရက်ကော သောက်လို့ရသလား'

'လုံးဝခွင့်ပြုမထားပါဘူး'

'ကောင်လေးတွေနဲ့ ကောင်မလေးတွေ ချိန်းတွေ့တာ မျိုးကော'ဟု မေးလိုက်သောအခါ မိတ်ဆွေဆရာက ပြန်ဖြေလိုက်သည်မှာကား…

'အိုး… ဒါကတော့ အလွန်အကျွံမစားမိသရွေ့ လွှတ်ထားလိုက်ပါတယ်'ဟူ၏။

❦ ❦ ❦



# ဂုဏ်ပြုချင်လို့ပါ

'ဟော့ကောင်တွေ… မင်းတို့ထဲက ငါ့မိန်းမကို အရုပ်ဆိုးတဲ့ မျောက်အိုမကြီး အကျည်းတန်တဲ့ စုန်းမအိုကြီးလို့ ခေါ်တာ ဘယ်သူလဲဟေ့'

ပိန်ပိန်ညှက်ညှက် လူဗလံလေးက အနားရှိလူများကို အော်ဟစ်မေးမြန်းလိုက်သဖြင့် လူကောင်ထွားထွားကြီးတစ်ဦးက ရှေ့ထွက်လာပြီး…

'ဟော့ကောင်…အဲဒီလိုခေါ်တာ ငါပဲကွ၊ မင်းက ဘာလုပ်ချင်သလဲ'ဟုပြောလိုက်သဖြင့် ပြန်ပြောလိုက်သည်မှာကား

'ဟို… ဟို… အစ်ကိုကြီးရဲ့သတ္တိကို ချီးကျူးချင်လို့ပါခင်ဗျာ၊ သူ့ကို အဲဒီလိုခေါ်ဖို့ ကျွန်တော်ကြံခဲ့တာ နှစ်နဲ့ချီပြီး ကြာပြီခင်ဗျ'ဟူ၏။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com





## ထူးခြားပုံက

လမ်းတွင် မိတ်ဆွေနှစ်ဦး ဆုံမိကြ၏။

ပထမလူ ။ ။ 'ခင်ဗျား အိမ်ခြံစောင့်တစ်ယောက် အမြန်အလိုရှိသည်လို့ သတင်းစာမှာ ကြော်ငြာထည့်လိုက်တော့ ထူးခြားမှုရှိရဲ့လား'

ဒုတိယလူ ။ ။ 'ရှိပါ့ဗျာ… ရှိပါ့… သတင်းစာကြော်ငြာပါတဲ့နေ့ ညမှာပဲ အိမ်ကို သူခိုးဝင်မွေသွားလို့ အတော်ပါသွားပါရောလား' ဟူ၏။

❦ ❦ ❦





## ကိုကိုကြောင်

ပင်လယ်ပြင်ကို ခုတ်မောင်းလာသော သင်္ဘောတစ်စင်းပေါ်တွင် ခရီးသွားနှစ်ဦးသည် မိတ်ဆွေဖြစ်သွားခဲ့ကြသည်။ ထို့ကြောင့် တစ်ယောက်အကြောင်း တစ်ယောက်စပ်စုမေးမြန်းမိကြ၏။ တစ်ယောက်က…

'ခင်ဗျား အခု ဘယ်ကိုသွားမလို့ပါလဲခင်ဗျာ' ဟု မေးလိုက်သဖြင့် ကျန်တစ်ဦးက…

'ကျွန်တော်လား… မင်္ဂလာဦးအတွက် ပျားရည်ဆမ်းခရီးထွက်လာခဲ့တာလေ'

www.burmeseclassic.com

www.burmeseclassic.com



'ပျားရည်ဆမ်းခရီး ဟုတ်လား၊ ဒါဖြင့် ခင်ဗျားဇနီး ကော မမြင်ပါလား' ဟု မေးလိုက်သောအခါ ထိုသူက ပြန်ဖြေလိုက်သည်မှာကား…

'သူလား၊ မခေါ်ဖြစ်တော့ဘူးလေ၊ သူက အဲသည်နေရာကို နှစ်ခေါက်ကောင် ရောက်ဖူးခဲ့ပြီးပြီတဲ့၊ အဲ… ကျွန်တော်က အခုမှ ပထမအကြိမ်ကိုးဗျ' ဟူ၏။







## မိတ်ဆွေသုံးယောက်

အလွန်စကားနည်းသော ပုဂ္ဂိုလ် ၃ ဦး ဂူတစ်ခုထဲ၌ ဥပေါင်းနေထိုင်စဉ်က ဖြစ်သည်။ တစ်နေ့ ဂူရှေ့သို့ မြင်းတစ်ကောင်ရောက်လာသည်။ ထိုအခါ တစ်ဦးက…

'သိပ်လှတဲ့ မြင်းညိုကလေးပဲ' ဟု ပထမလူက ပြောလိုက်၏။

ထိုနောက် တစ်နှစ်ကျော်ကြာသည့်အခါ အမွေးအဖြူရောင်ပါးသွားပြီး အညိုရောင်ထူထပ်စွာ ပေါက်လာသောကြောင့် ဒုတိယလူက ကြည့်ရင်း…

www.burmeseclassic.com

www.burmeseclassic.com



'ဒီမြင်းဟာ အဖြူရောင်လုံးဝမဟုတ်ပါဘူး၊ အညို ရောင်လို့လည်း မပြောနိုင်သေးဘူး' ဟု ပြောလိုက်လေ၏။

ထို့နောက် တစ်နှစ်ခန့်ကြာသောအခါမှ တတိယလူက ပြောလိုက်သည်မှာကား…

'ခင်ဗျား ဒီလိုသာ ငြင်းခုံနေကြရင် ကျုပ် ဒီမှာ မနေတော့ဘူးဗျာ' ဟူ၏။







## မိသားစုလိုက်မှီခို

သန်းခေါင်စာရင်းဌာနမှ လူများ အိမ်တစ်အိမ်သို့ သန်းခေါင်စာရင်း ပြုလုပ်ရန်အတွက် မေးမြန်းနေသည်မှာ…

'ခင်ဗျားတို့မိသားစုအကြောင်း ပြောပြပါဦး' ဟု ပြောလိုက်သဖြင့်…

'ယောက္ခမ ယောကျ်ားကြီးက မှီခိုပါ၊ ယောက္ခမ အမျိုးသမီးကြီးကလည်း အခုအထိ အလုပ်မရသေးသော မှီခို

www.burmeseclassic.com

www.burmeseclassic.com



ပါပဲ'ဟု ဆက်တိုက်ပြောနေသဖြင့် သန်းခေါင်စာရင်းဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက စိတ်မရှည်တော့ဘဲ...

'ဒါဆို စားဝတ်နေရေးကို ဘယ်သူက တာဝန်ယူသလဲ'ဟု မေးလိုက်သဖြင့် ထိုသူက ပြန်ဖြေလိုက်သည်မှာကား...

'ကျွန်တော်ပါ... ကျွန်တော်ကိုယ်တိုင်က ထုတ်ဝေသူအပေါ် မှီခိုနေသူပါခင်ဗျာ'ဟူ၏။







## လေးကြိမ်တောင်ဆိုတော့

မိတ်ဆွေနှစ်ဦး လမ်းတစ်ခု၌ ဆုံမိကြရာ တစ်ဦးက...

'ခင်ဗျားသမီး လက်ထပ်သွားပြီဆို၊ အဲဒီတော့ ခင်ဗျား စိတ်ထဲ ဘယ်လိုခံစားရသလဲ'ဟု မေးလိုက်သဖြင့်...

'ဘယ်လိုမှ မခံစားရပါဘူး'

'မဟုတ်တာပဲဗျာ... ဘာလဲ... လောကခံတရားကို ကြံ့ကြံ့ခံနိုင်အောင် ပစ်ထားတဲ့သဘောလား'ဟု မေးလိုက်သဖြင့် ထိုသူက ပြန်ဖြေလိုက်သည်မှာကား...

'မဟုတ်ပါဘူးဗျာ၊ ကျုပ်သမီးက အခုလို ယောကျ်ား ယူတာ လေးကြိမ်မြောက်သွားပြီဗျ'ဟူ၏။

www.burmeseclassic.com

www.burmeseclassic.com



## မိသားစုစာပေ

ကျွန်တော့်မိတ်ဆွေ စာပေမိသားစု မင်္ဂလာဆောင်တွင် လက်ဖွဲ့စာရင်း၌ ယောက္ခမ စာရေးကြီးက နပန်းသတ်ပုတ်နည်းစာအုပ်နှင့် ဒဏ်ကြေဆေးသုံးပုလင်း၊ ယောက္ခမစာရေးဆရာမကြီး ဇနီးမောင်နှံ ရာသက်ပန်စာအုပ်နှင့် ပုတီးတစ်ကုံးစီ၊ သူ့အဖေက မေတ္တာသုတ်စာအုပ်နှင့် ကွာရှင်းပြတ်စဲနည်း၊ ဥပဒေကျမ်းစာအုပ်တစ်အုပ်၊ အမေက ချက်နည်းပြုတ်နည်းတစ်ထောင်နှင့် နင်လားဟဲ့ လောကစံစာအုပ်တို့ကို လက်ဖွဲ့လိုက်ကြသည်ဆို၏။

❦ ❦ ❦







## ပျင်းလို့ပါ

လေမုန်တိုင်းမိပြီး သင်္ဘောပျက်၍ သင်္ဘောသား ၃ဦးသည် လူသူမနီးသော ကျွန်းတစ်ကျွန်းသို့ ရောက်ရှိသွားလေ၏။ အားလုံးမှာ အသက်မသေအောင် ရှာကြံရှာဖွေ၍ နေထိုင်စားသောက်နေကြရ၏။ တစ်နေ့တွင် ပင်လယ်လှိုင်းနှင့်အတူ မျောပါလာသော ပုလင်းတစ်လုံးကို တွေ့ရသဖြင့် ကောက်ယူခဲ့ကြလေ၏။ အမှန်မှာ ထိုပုလင်းသည် လိုတရနတ်သားစောင့်သော ပုလင်းဖြစ်နေ၏။ ထို့ကြောင့် သင်္ဘောသား ၃ဦးမှာ ဝမ်းမြောက်စွာနှင့် ပုလင်းအဖုံးကို ဖွင့်လိုက်ရာ နတ်သားမှ ···

www.burmeseclassic.com

www.burmeseclassic.com



'အနှောင်အဖွဲ့ အကျပ်အတည်းမှ ကင်းလွတ်အောင် ကျွန်ုပ်ဆောင်ရွက်ပေးနိုင်ပါသည်။ လိုရာဆုတောင်းကြပါ'ဟု ပြောလိုက်သဖြင့် ပထမသဘော်သားက…

'မိသားစုကို သတိရလို့ ပြန်ချင်ပါတယ်'ဟု ပြောလိုက်သဖြင့် ပုလင်းစောင့်နတ်က ဖူးခနဲမှုတ်လိုက်ရာ ထိုသူပျောက်သွားလေ၏။ ထိုအခါ ဒုတိယသဘော်သားက…

'ကျွန်တော်လည်း ရကာစမိန်းမကို သိပ်သတိရပါတယ်'ဟု ပြောလိုက်ရာ ပျောက်ကွယ်သွားပြန်၏။ ထို့ကြောင့် တတိယသဘော်သားက ပြန်ပြောလိုက်သည်မှာကား…

'ဒီကျွန်းမှာ ကျွန်တော်တစ်ယောက်တည်းနေရတာ ပျင်းလိုက်တာဗျာ၊ ကျွန်တော့်အဖော်နှစ်ယောက်ကို ပြန်ခေါ်ပေးပါဦး'ဟု ပြောလိုက်သဖြင့် နတ်သားက အဖော်နှစ်ယောက်ကို ပြန်ခေါ်ပေးလိုက်သည်ဆို၏။

❦ ❦ ❦







## ကြိမ်းဝါးပုံက

မိတ်ဆွေနှစ်ယောက်သည် လမ်းလျှောက်ရင်း နူတ်မှ ကြိမ်းဝါးနေသောအသံကို ဤသို့ကြားလိုက်ရ၏။

'ဟင်း… ဘာရမလဲ၊ နောက်ဆုံးတော့ ဘယ်သူမဆို ငါ့ခြေဖဝါးအောက် ပြားပြားမှောက်ကြရတာပဲမဟုတ်လား' ဟူသောအသံကို ကြားလိုက်ရသဖြင့် တစ်ဦးက သူ့သူငယ်ချင်းကို…

'သူက ဘယ်လိုလူလဲကွ၊ ကြိမ်းဝါးသွားလိုက်တာကွာ၊ ကြောက်ခမန်းလိလိပဲ၊ ငါဖြင့် ကြက်သီးကိုထသွားတာပဲ'ဟု ပြောလိုက်သဖြင့် ကျန်သူငယ်ချင်းက ပြန်ဖြေလိုက်သည်မှာကား…

'ဟာကွာ… သူက အနိုပ်သည်ပါကွ'ဟူ၏။

❦ ❦ ❦

www.burmeseclassic.com

www.burmeseclassic.com



## ခွဲစိတ်ပါရဂူဆိုတာ

လောင်းကစားသမားတစ်ယောက်သည် အားလပ်ရက် လျှောက်လည်ခဲ့ရာမှ အပြန်တွင် သူ့မိတ်ဆွေအား ရင်ဖွင့်နေပုံမှာကား . . .

'လက်စ်ဗားဂတ်စ်က ခွဲစိတ်အထူးကု ပါရဂူက ကျုပ်ရင်ဘတ်ထဲက ပိုက်ဆံအိတ်ကို တစ်စက်မှ မနာကျင်ဘဲ ဆွဲထုတ်သွားနိုင်ဗျာ၊ အံ့ရော'ဟူ၏။







## အကျိုးတော့ လဲပါရစေ

လုပ်ငန်းရှင်တစ်ယောက်သည် သူ့မိတ်ဆွေ ဆရာဝန်မှ နှလုံးရောဂါရှိနေပြီဖြစ်ကြောင်း ပြောလိုက်သဖြင့် စိတ်ညစ်ညစ်နှင့် အိမ်သို့ပြန်လာခဲ့၏။ လမ်းတွင် သူ့၏လက်ကိုင်ဖုန်းကို ခေါ်သံကြားရသဖြင့် နားထောင်လိုက်ရာ အိမ်ပေါင်ပြီး ချေးထားသောငွေများ အချိန်မီပြန်မဆပ်လျှင် အိမ်ကိုသိမ်းမည်ဖြစ်ကြောင်း ဘဏ်အရာရှိမှ သတိပေးခြင်းဖြစ်နေ၏။ ထို့ကြောင့် စိတ်ထွေထွေနှင့် ကားကို ဆက်လက်မောင်းနှင်လာရာ သူ့၏အရင်းနှီးဆုံး ဖောက်သည်တစ်ဦး၏ ကားသစ်ကြီးကို ဝင်တိုက်မိပြန်၏။ အိမ်နားအရောက်တွင်မူလည်း သူ့စက်ရုံ မီးလောင်သွားကြောင်း လာရောက်သတင်းပို့သောကြီးကြပ်ရေးမှူးတစ်ယောက်ကို တွေ့ရပြန်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် စိတ်ပျက်လက်ပျက်နှင့် အိမ်ထဲဝင်ခဲ့ရာ ဧည့်ခန်းထဲတွင် အပြစ်တစ်ခု ကျူးလွန်ထားဟန်တူသော သူ့မိန်းမက ပြုံးပြုံးရွှင်ရွှင်ကလေးဖြင့် မျက်နှာချိုသွေးရင်း ဆီးကြို၍…

'မောင်ရေ… မေ့ကို ခွင့်လွှတ်တော့နော်၊ ဒါမှမဟုတ်ရင် မေ ဒီအိမ်က ခုပဲထွက်ပြေးပြီး မြစ်ကူးတံတားကြီးပေါ်က သွားရောက်ခုန်ချပြီး သတ်သေတော့မလို့'ဟု ပြောလိုက်သဖြင့် လုပ်ငန်းရှင်ကြီးက ပြန်လည်ပြောဆိုလိုက်သည်မှာကား…

'အေးကွာ… ငါ့ကို အင်္ကျီလဲခွင့်လေးတော့ ပေးပါဦး၊ ပြီးတော့ မင်းနဲ့ ငါ အတူတူလိုက်ပြီး ခုန်ချပါ့မယ်'ဟူ၏။

❦ ❦ ❦







## ဥာဏ်, ဥာဏ်

လူတစ်ယောက်သည် မိတ်ဆွေအပေါင်းအသင်းများနှင့် ညလုံးပေါက် သောက်စားပျော်ပါးနေခဲ့မိ၏။ နောက်တစ်နေ့မနက် မိုးလင်းကာစတွင် ကိုယ့်အပြစ်နှင့်ကိုယ် မိန်းမနှင့် မျက်နှာချင်းမဆိုင်ရဲသဖြင့် တယ်လီဖုန်းဆက်၍ ပြောလိုက်သည်မှာကား…

'မိန်းမရေ… ပြန်ပေးသမားတွေ ငွေလာတောင်းရင် မပေးနဲ့တော့ဟေ့၊ ငါ့နည်းငါ့ဟန်နဲ့ လွတ်လာပြီ၊ နာရီဝက်အတွင်း မင်းဆီအရောက်ပြန်လာခဲ့မယ်'ဟူ၏။

❦ ❦ ❦

www.burmeseclassic.com

www.burmeseclassic.com



# ရှေ့နေဆိုတာ

လုပ်ငန်းရှင်တစ်ဦးသည် သူ့မိတ်ဆွေဟောင်းတစ်ယောက်ထံမှ ဒေါ်လာ ၅၀၀ အကြွေးရလိုမှုဖြင့် ၄င်း၏ရှေ့နေနှင့် တိုင်ပင်မိ၏။

ရှေ့နေ ။ ။'ဒီလူ ခင်ဗျားဆီက ပိုက်ဆံချေးထားတဲ့ အထောက်အထား စာရွက်စာတမ်း ဘာမှမရှိဘူးလား'

လုပ်ငန်းရှင် ။ ။'အမှန်ပြောရရင်တော့ တစ်ခုမှမရှိဘူးဗျ'







ရှေ့နေ ။ ။'ဒါဖြင့် ဒီလိုလုပ်ဗျာ၊ ခင်ဗျား စာတစ်စောင်ရေး၊ စာထဲမှာ သူ့ကို ငွေတစ်ထောင်ချေးသွားတာ ပြန်ပေးပါလို့ ထည့်တောင်းလိုက်'

လုပ်ငန်းရှင် ။ ။'ဟာ… သူတကယ်ယူတာက ငါးရာတည်းဗျ'ဟု ပြောလိုက်သဖြင့် ရှေ့နေက ပြန်ပြောလိုက်သည်မှာကား..

'အတိအကျဟုတ်မှာပါ၊ ဒါပေမဲ့ အဲသလိုရေးတော့မှ တကယ်ချေးတာ ငါးရာတည်းပါလို့ သူက စာပြန်လာလိမ့်မယ်၊ အဲဒီစာက တရားရုံးမှာ တင်ပြဖို့ သက်သေခံဖြစ်သွားရောပေါ့ဗျာ'ဟူ၏။

✱ ✱ ✱

www.burmeseclassic.com

www.burmeseclassic.com



# အိမ်ဖော်ဆိုတာက

လုပ်ငန်းအဆင်မပြေဖြစ်နေသော အိမ်ထောင်ဦးစီးယောကျ်ားက မိန်းမဖြစ်သူအား အိမ်စရိတ်လျှော့သည့်အနေဖြင့် အိမ်ဖော်များအား အလုပ်ထုတ်ပစ်ရန် ပြော၏။ ထိုအခါ မိန်းမဖြစ်သူက ပြန်ပြောလိုက်သည်မှာကား…

'ဒါက ရှင့်သဘောနဲ့ရှင် လုပ်တာနော်၊ ပြီးတော့ ဒီအိမ်ဖော်က တခြားလူမဟုတ်ဘူးနော်၊ ရှင့်အမေကိုယ်တိုင်ဆိုတာလည်း သတိထားဦး'ဟူ၏။







# ဟောလီးဝုဒ်ဆိုတာ

ရုပ်ရှင်မြို့တော် ဟောလီးဝုဒ်မှ လင်ကွဲ မယားကွဲကြောင့် လက်ကျန်အမွေ ကလေးငယ်နှစ်ယောက်တို့ အကြီးအကျယ် စကားများနေကြသည်။ သူနိုင် ကိုယ်နိုင် စကားနိုင်လုရင်းမှ…

'ငါ့အဖေက မင်းအဖေလောက်တော့ နောက်ကျော့လက်သီးနဲ့ တစ်ချက်ထိုးပစ်ရုံပဲရှိတာကွ'ဟု ပြောလိုက်သဖြင့် ကျန်ကလေးက တုံ့ပြန်ပြောလိုက်သည်မှာကား…

'ဘာ… ဘာ… မင်းက တကယ်နောက်နေတာလား၊ မင်းအဖေက ငါ့အဖေပဲလေကွာ'ဟူ၏။

www.burmeseclassic.com

www.burmeseclassic.com



## အကြောင်းမသိလို့

လူတစ်ယောက် ဒေါပွနေလေသည်။

ထိုသူ ။ ။ ‘တောက်… မိတ်ရင်းဆွေရင်းဖြစ်ပြီး အသုံးမဝင်ဘူး’

ထိုစဉ် မိတ်ဆွေတစ်ယောက်က မေးလိုက်လေသည်။

မိတ်ဆွေ။ ။ ‘ဘာဖြစ်နေတာလဲ’

ထိုသူ ။ ။ ‘မိတ်ဆွေအချင်းချင်းကွာ၊ ငါ့မှာ အသုံးလိုနေလို့ ငွေချေးတာကို ဒီကောင်က မပေးဘူး၊ အခု ကြည့်၊ ဘာမဆိုင် ညာမဆိုင် သူစိမ်းက ထုတ်ချေးတော့ ကောင်းမလား’

မိတ်ဆွေ။ ။ ‘သူကတော့ ချေးမှာပေါ့ကွာ၊ မင်းအကြောင်းမှ မသိသေးဘဲကိုး’

❦ ❦ ❦



## လူပြောင်းပြန်

လန်ဒန်မြို့မှ ပြန်ရောက်လာသော စကော့တလန်သားက သူ၏မိတ်ဆွေများကို ဤသို့ပြော၏။

‘လန်ဒန်မြို့က ငနဲတွေ ရူးသွပ်ကုန်ကြသလား မသိဘူးကွ’

‘ဘာဖြစ်လို့လဲကွ…. ဘာဖြစ်လာခဲ့လို့လဲ’

‘ဟဲ့ကွာ… မပြောချင်တော့ပါဘူး၊ မနက် နှစ်နာရီထိုးကြီးလောက်မှာ ဟော်တယ်က ငါ့အခန်းထဲကို လူတစ်စုဝင်လာပြီး ဆဲလား ဆိုလားနဲ့ ဝိုင်းရန်တွေသွားကြလို့ကွ’



www.burmeseclassic.com

www.burmeseclassic.com






'ခင်ဗျားက သူတို့ကို ဘာပြန်လုပ်လိုက်သလဲ' ဟု မေးလိုက်ရာ သူက ပြန်ဖြေလိုက်သည်မှာကား…

'ဟင့်အင်း… ဘာမှပြန်မလုပ်ပါဘူး၊ ငါယူသွားတဲ့ တယောကြီးနဲ့ ထိုးလက်စသီချင်းကို ဆက်ထိုးနေလိုက်တာပေါ့' ဟူ၏။



# သူ့ဟာတွေဆိုတော့

စားသောက်ဆိုင်တစ်ခုတွင် တစ်ကိုယ်တည်း ထိုင်နေသော စိန်ငှက်ရိုးတစ်ယောက် အဆိုတော်မလေးကို ကြည့်ရင်း သဘောကျနေ၏။ သူ၏ဆိုပုံ၊ ကိုးသ်လုံးကိုယ်ပေါက်၊ ဟန်ပန် အမူအရာတို့ကိုကြည့်၍ အနားရှိစားပွဲထိုးမှ ထိုလူအား…

'အခု သီဆိုနေတာ တွေ့ရတဲ့ အမျိုးသမီးအဆိုတော်ဟာ သိပ်ပြီးတော်တာပဲ၊ လှလည်းလှတယ်ဗျာ၊ ခင်ဗျား သူ့ကို သိသလား'



www.burmeseclassic.com

www.burmeseclassic.com





အနားမှလူက ကျေနပ်စွာဖြင့်...

'သိတာပေါ့ဗျ... အဲဒါ ကျွန်တော့်မိန်းမပဲဥစ္စာ'

စိန်ငှက်ရိုး ခိုးလိုးခုလုဖြစ်သွားပြီး...

'မသိလို့ပါဗျာ... သူ့အသံကတော့ ကောင်းပါရဲ့ဗျာ၊ ဒါပေမဲ့ သီချင်းရေးဖွဲ့ထားတာ ညံ့လှသဗျာ၊ ဘယ်သူ့လက်ရာများလဲ မသိဘူး'

'ဟာဗျာ... ကျွန်တော့်လက်ရာပါဗျ'ဟူ၍ ပြောသဖြင့် စိန်ငှက်ရိုး ငွေရှင်းပြီး ထလစ်ခဲ့ရလေတော့၏။

❦ ❦ ❦



# လူရိုင်းတွေတဲ့

လူတစ်ယောက်သည် သူ့မိတ်ဆွေအား သူ့အပေါ်ထပ်မှ လူတွေအကြောင်း မကောင်းပြောနေ၏။

'ကျွန်တော် အပေါ်ထပ်က လူတွေက တော်တော်ရိုင်းတယ်ဗျာ၊ မနက်မိုးမလင်းသေးဘူး၊ ငါးနာရီလောက်ထပြီး ခုန်ပေါက်လိုက်၊ တက်လိုက် ဆင်းလိုက်နဲ့ ဝုန်းဒိုင်းကြဲနေကြတာပဲ'

မိတ်ဆွေ ။ ။ 'ခင်ဗျား သူတို့ကိုတော့ နည်းနည်းပါးပါး ဆင်ခြင်ဖို့ သွားမပြောဘူးလား'

ထိုလူ ။ ။ 'ကျွန်နုတော်ကတော့ သိပ်မထိခိုက်လှပါဘူး၊ အဲဒီအချိန်မှာ နဲမှုတ်လေ့ကျင့်နေတာကိုးဗျ'ဟူ၏။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com





## အကြောင်းပြချက်က

ညကလပ်တစ်ခု၏ စန္ဒရားဝိုင်းတွင် စန္ဒရားတီးသူက လာနေကျ ညွှသည်မိတ်ဆွေတစ်ဦးအား သူ၏ဂီတဖျော်ဖြေမှု အတွေ့အကြုံများကို ပြောပြလျက်ရှိရာ ၄င်းအနေဖြင့် ယခုဆိုင်တွင် စန္ဒရားမတီးမီက အခြားကလပ်တစ်ခု၌ တယောထိုးခဲ့ဖူးကြောင်း ပါဝင်၏။

ဤတွင် ညွှသည်က တယောထိုးခြင်းကို မည်သည့်အကြောင်းကြောင့် စွန့်လွှတ်ခဲ့သနည်းဟု မေးမြန်းလိုက်ရာ စန္ဒရားတီးသူ ဖြေလိုက်ပုံက…

'အကြောင်းကတော့ဗျာ… ဘာရယ်လို့မဟုတ်ပါဘူး၊ အဲဒီည ကလပ်မှာရှိတဲ့ အရက်ခွက်တွေက ကိုင်ရတာ သိပ်မကောင်းဘူး၊ လက်ထဲကနေ ချော်ချော်ပြီးကျနေလို့' ဟူ၏။



## နှက်ရှိုင်းပါ

ကမ္ဘာကျော် ဂီတစာဆိုကြီး၊ စန္ဒရားပညာရှင်ကြီး ဗီသိုမင်ဟာ လူမှုဆက်ဆံရေးမှာ အလွန်ညံ့ဖျင်းသလို နားမလည်သလိုဖြစ်နေရှာလေ့ရှိသတဲ့။ ဘာကြောင့်လဲဆိုတော့ သူဟာ အလွန်နားလေးနေလို့တဲ့။ သူ့မှာ စကားစမည်ပြောဖို့ သိပ်ခက်ခဲတဲ့အပြင် သူ့အဖို့ လူကြားထဲမှာ အရှက်တကွဲ အကျိုးနည်းဖြစ်ရတာ များသတဲ့။

တစ်နေ့မှာ သူဟာ သူ့သူငယ်ချင်းရဲ့သားတစ်ယောက် ဆုံးပါးသွားတာကြောင့် ဝမ်းနည်းပူဆွေးနေတဲ့ သူငယ်ချင်းကို အားပေးစကားပြောဖို့ သူငယ်ချင်းအိမ်ကို ရောက်သွားတယ်။ သူ့သူငယ်ချင်း စိတ်ချမ်းသာအောင် နှစ်သိမ့်စကားပြောဖို့



www.burmeseclassic.com

www.burmeseclassic.com





ဗီသိုဗင်ဟာ စကားလုံးရှာမရဘူး ဖြစ်နေသတဲ့။ တစ်အိမ်လုံးမှာလည်း သတင်းလာမေးသူ၊ ငိုကြွေးပူဆွေးနေသူတွေကို ကြည့်ပြီး စိတ်မကောင်းဖြစ်နေတုန်း အခန်းထောင့်က စန္ဒရားကို မြင်လိုက်တာနဲ့ ဘာမပြော ညာမပြော စန္ဒရားဆီ ထသွားပြီး စန္ဒရားတီးနေတော့တယ်။ စန္ဒရားလည်း တီးပြီးရော အိမ်ထဲကနေ ပြန်ထွက်သွားတယ်။ ပရိသတ်တွေကတော့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး နားမလည်သလို မသိမသာပဲ နေလိုက်ကြသတဲ့။ သေသူရဲ့ ဖခင်ကိုလည်း အားနာနေကြသတဲ့။ အဲဒီအခါမှာ သေသူရဲ့ဖခင်က…

'သားအတွက် လာမေးသမျှလူတွေထဲမှာ အဓိပ္ပာယ်အနက်ရှိုင်းဆုံးဟာ ဗီသိုဗင်တစ်ယောက်ပဲရှိတယ်'ဟူ၏။

❦ ❦ ❦



# ကြွားချင်ဦးပေါ့

သူငယ်ချင်းမိတ်ဆွေနှစ်ယောက် တွေ့ကြရင်း အကြွားပြိုင်ကြရာ…

ပ-လူ ။ ။ 'ငါတို့မိသားစုအားလုံး ဂီတသမား၊ အတီးအမှုတ်သမားတွေချည်းပဲ၊ အဖေက တယောထိုးတယ်၊ အမေက စန္ဒရားတီးတယ်၊ ညီမက စောင်းတီးတယ်၊ ငါက ပလွေမှုတ်တယ်၊ အစ်ကိုကြီးက စည်းနဲ့ဝါးကိုင်တယ်၊ လာမယ့် တနင်္ဂနွေညနေမှာ ငါတို့မိသားစု မင်းတို့အိမ်လာပြီး ဂီတသံစုံတေးတွေနဲ့ ဖြေဖျော်ပေးမယ်'



www.burmeseclassic.com

www.burmeseclassic.com





ဒု-လူ ။ ။ 'ဟာ… ထူးခြားတာပဲ၊ ဒါပေမဲ့ ငါတို့မိသားစု အကြောင်းလည်း မင်းကို ပြောရဦးမယ်၊ ငါ့အဖေ က ဟဲဗီးဝိတ်လက်ဝှေ့သမား၊ ညီမက ကရာတေး ဆရာမ၊ အစ်ကိုက ကွန်ဖူးနည်းပြဆရာဖြစ်ပြီး ငါက ဂျူဒိုသမား၊ အဲဒီနေ့မှာ မင်းတို့ကိုတမိသားစု ကို ပြန်ပြီးပြုစုရမှာပေါ့ကွာ' ဟူ၏။

❦ ❦ ❦



# ငွေနဲ့ အတွေ့အကြုံ

နှစ်အတန်ကြာ ကွဲကွာနေသူမိတ်ဆွေနှစ်ဦး ပြန်လည် ဆုံတွေ့ကြရာတွင် တစ်ဦးက…

'ခင်ဗျား ဘယ်ပျောက်နေတာလဲဗျာ၊ ကျွန်တော် ထင်တယ်၊ ခင်ဗျားနဲ့ မတွေ့ရတာ ငါးနှစ်လောက်ရှိသွားပြီ'

'မှန်ပါတယ်ဗျာ… ငါးနှစ်လောက်ဆိုတာ ဟုတ် တယ်၊ ကျွန်တော်က ငါးနှစ်အတွင်းမှာ လုပ်ငန်းကြီးတစ်ခုကို မိတ်ဆွေတစ်ဦးနဲ့အတူလုပ်နေလို့ အလုပ်ထဲမှာပဲ အချိန်ကုန်နေ ခဲ့တယ်ဗျာ'



www.burmeseclassic.com

www.burmeseclassic.com



'အလုပ်ကစပ်တူလုပ်တာလားဗျ'

'ဟုတ်တယ်…. စပ်တူပါ၊ ဒါပေမဲ့ ကျွန်တော်က ငွေတစ်ပြားမှ မထည့်ရပါဘူး၊ ကျွန်တော်က လုပ်ငန်းအတွေ့ အကြုံရှိတယ်၊ ကျွန်တော့်မိတ်ဆွေက ငွေစိုက်တယ်လေဗျာ'

'ဒါလည်း အရင်းအနှီးထက်ဝက် သဘောပါပဲ၊ တစ်ဦးက လုပ်ငန်းအတွေ့အကြုံ၊တစ်ဦးက ကုန်ကျတဲ့ငွေ ထည့်တယ်ပေါ့'

'ဟုတ်ပါတယ်'

'လုပ်ငန်းက ဘယ်လိုလဲ၊ အဆင်ပြေကြတယ်မဟုတ် လား'

'အဆင်ပြေပါတယ်ဗျာ၊ ငါးနှစ်အတွင်းမှာ ကျွန်တော် က လုပ်ငန်းထဲက ငွေတွေအားလုံးကို ရလိုက်တယ်လေ'

'ဟင်… ဒီလိုဆိုရင် ငွေစိုက်ထုတ်တဲ့ ခင်ဗျားရဲ့ မိတ်ဆွေကကော ဘာရလိုက်သလဲ'

'ခင်ဗျားကလည်းဗျာ… ဒီလောက်တောင် မပါးနပ် ဘူးလား၊ သူက လုပ်ငန်းအတွေ့အကြုံရသွားတာပေါ့ဗျ'ဟူ၏။

❦ ❦ ❦



# လွယ်တယ်ဆိုပေမယ့်

သူငယ်ချင်းမိတ်ဆွေနှစ်ယောက် စကားနိုင်လုနေကြ သည်မှာ…

'လောကမှာ လွယ်တဲ့အလုပ်ဆိုရင် လူတိုင်းလုပ်နိုင် တယ်ကွ'

'ဟုတ်ရဲ့လား… သေချာတယ်နော်၊ ဒီလိုဆိုရင် မင်းရှေ့က မြေကွက်လပ်မှာ တွင်းကလေးတစ်ခုတူးလိုက်စမ်း'

'ရတာပေါ့ကွာ… အခုချက်ချင်း တူးလိုက်ပြီ၊ ဟော… တွေ့လား၊ လွယ်သမှ လွယ်လွယ်လေးရယ်'

ထိုအခါ စကားကပ်ပြောသောသူက…

'ကဲ… ဒါဆိုရင် အဲဒီတွင်းကလေးကို မှောက်ပြ စမ်း'ဟူ၏။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com





## တိုက်ပုံက

စိန်ငှက်ရိုးတစ်ယောက် အလုပ်သွားကာနီး နာရီအချိန် တိုက်ပေးရန် လိုသဖြင့် တူမဖြစ်သူအား အရေးတကြီး ဤသို့ ပြောလိုက်မိ၏။

'တူမရေ… နာရီတိုက်ထားလိုက်စမ်းဟေ့'ဟု ပြောလိုက်သဖြင့် တူမဖြစ်သူက နာရီကိုယူ၍ ထွက်သွားလေ၏။

ထို့နောက် သတိရ၍…

'အေးအေးရေ… နင် ဘာလုပ်နေသလဲ'

ဟု မေးလိုက်ရာ တူမဖြစ်သူ ပြန်ဖြေလိုက်သည်မှာကား…

'ဟင်… ဦးလေးကလည်း နာရီတိုက်ခိုင်းလို့ ကျွန်မ ဒီမှာ အိုးတိုက်ဖွဲပြာတွေနဲ့ တိုက်နေတယ်လေ'ဟူ၏။



## မွေးမြူရေးဆိုတာ

'ဟော… သူငယ်ချင်း၊ မင်းမွေးမြူရေးလုပ်နေတယ် ဆိုတာ အဆင်ပြေရဲ့လား'ဟု မေးလိုက်ရာ သူငယ်ချင်း မိတ်ဆွေဖြစ်သူ ပြန်ဖြေလိုက်သည်မှာကား…

'မဟန်ပါဘူး သူငယ်ချင်းရာ၊ ကြက်တွန်သံကြားတာ နဲ့ အိပ်ရာက ကမန်းကတန်း ထရတယ်၊ ပြီးတော့ မြင်းတွေ ကို အပြေးအလွှား အလုပ်တွေလုပ်ရတယ်၊ စားတော့လည်း ဝက်တွေလိုပါပဲ၊ နောက်ပြီး ညည သူခိုးကပ်မှာစိုးလို့ တစ်ရေး နိုး ထထကြည့်ရတာ ခွေးတွေလိုပါပဲကွာ'ဟူ၏။



www.burmeseclassic.com

www.burmeseclassic.com





## နောက်နှစ်တွေကျရင်

ကလေး ၉ ယောက်၏ မိဘနှစ်ပါးသည် အငယ်ဆုံး ၉ ဦးမြောက် ကလေးအား အမည်ပေးမင်္ဂလာပွဲ ကျင်းပရန်အတွက် အကြီးကလေး ၈ ယောက်ပါခေါ်၍ ဘုရားရှိခိုးကျောင်းသို့ သွားကြလေသည်။

လမ်းတစ်ဝက်အရောက်တွင် ၃ နှစ်အရွယ် သမီးငယ်သည် တစ်စုံတစ်ခုအား အလိုမကျသဖြင့် ငိုယို၍ စိတ်ကောက်ကာ ဂျစ်တစ်တစ်လုပ်နေသဖြင့် စိတ်မရှည်နိုင်သော ဖခင်က သမီးငယ်အား ကြိမ်းမောင်းလိုက်သည်မှာကား…

'ဟဲ့… စူစီ… နင် ဒီလိုဆိုးနေရင် နောင်နှစ်တွေကျရင် နင့်ကို ခေါ်မလာတော့ဘူး'ဟူ၏။



## ဘုရားကျောင်းသွားဖို့က

အလွန်အေးမြလှသော ဒီဇင်ဘာလ မနက်စောစောတွင် လူတစ်ယောက်သည် သူ့ခုတင်ပေါ်မှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည်။ ထိုအချိန်တွင် မိခင်ဖြစ်သူက…

'သား ထတော့လေ၊ ဘုရားရှိခိုးကျောင်း သွားရတော့မယ်'ဟု နှိုးလိုက်သဖြင့် သားဖြစ်သူက…



www.burmeseclassic.com

www.burmeseclassic.com





"ကျွန်တော် မသွားချင်ပါဘူး၊ ဘာဖြစ်လို့ ဒီနေ့ ဘုရားကျောင်းသွားရမှာလဲ၊ သွားရမယ့် အချက်တစ်ချက်လောက် ပြောပြပါဦး" ဟု ပြောလိုက်သဖြင့် မိခင်ဖြစ်သူက ပြောလိုက်သည်မှာကား…

"အမေ အဓိကနှစ်ချက်ကို ပြောပြမယ်၊ တစ်အချက်က ဒီနေ့ဟာ တနင်္ဂနွေနေ့၊ နှစ်အချက်ကတော့ သားဟာ သင်းအုပ်ဆရာလေ" ဟူ၏။



# တော်လိုက်ပုံက

မြို့တစ်မြို့တွင် မိသားစု လမ်းဘေးမျက်လှည့်အဖွဲ့တစ်ခု မျက်လှည့်ပြသနေလေ၏။ ထို့ကြောင့် မြို့ခံလူများစွာ ဝိုင်းအုံကြည့်ရှုကာ မျက်လှည့်ပညာရှင်တို့၏ ကျွမ်းကျင်မှုများကို ချီးကျူးဝေဖန်နေကြ၏။ တစ်ကြိမ်တွင် ပရိသတ်များရှေ့၌ မြေကြီးခဲများ၊ မီးသွေးခဲများ၊ အိမ်ရိုက်သံများ၊ ဘရိတ်စားများကို ဝါးစားပြသကြလေ၏။ ပြီးနောက် မျက်လှည့်ခေါင်းဆောင်က…



www.burmeseclassic.com

www.burmeseclassic.com



'ပရိသတ်ကြီးခင်ဗျား… ကျွန်တော်တို့ကို အားပေးချီးမြှောက်သောအားဖြင့် လက်ခုပ်တီးကြပါခင်ဗျား'ဟု ပြောလိုက်သဖြင့် ပရိသတ်များက လက်ခုပ်တီးပေးကြ၏။ ထို့နောက် သူကပင်…

'ကျေးဇူးအထူးတင်ပါတယ်ခင်ဗျာ၊ ဒါပေမဲ့ ကျွန်တော်တို့ဟာ မျက်လှည့်ပညာနဲ့ အသက်မွေးဝမ်းကျောင်းနေကြသူတွေဖြစ်ပါတယ်ခင်ဗျာ၊ ဒါကြောင့် မြို့မေတ္တာကို ခံယူသောအားဖြင့် ကျွန်တော်တို့ မျက်လှည့်ပညာရှင်များကို ထမင်းစရိတ်ကူညီကြပါခင်ဗျာ'ဟု ပြောလိုက်သဖြင့် ပရိသတ်များက ပိုက်ဆံထည့်ကြသည်။ ထိုအချိန်တွင် အသံတစ်ခု ထွက်ပေါ်လာသည်မှာကား…

'စောစောက ဝါးစားထားတာတွေလည်း မနည်းဘူး၊ အခုလည်း ထမင်းထပ်စားဦးမလို့တဲ့လား၊ တကယ့် အငတ်တွေပဲ'ဟူ၏။

✱ ✱ ✱





## ရုရှားဟာသတွေ

ဆိုဗီယက်(ရုရှား)သည် ကွန်မြူနစ်နိုင်ငံကြီးတစ်ခု ဖြစ်ခဲ့ဖူး၏။ ၄င်းနှစ်များအတွင်း အနုပညာရှင်များ၏ ဟာသအနည်းငယ်ကို ထုတ်နုတ်ဖော်ပြပါမည်။

အမှတ် (၁)

'အာလူးစားပြီး ကိုက်တစ်ရာငါးဆယ်ရှည်တဲ့ အရာဟာ ဘာများပါလဲ'

'အသားဝယ်ဖို့ စောင့်နေရရှာတဲ့ လူတန်းရှည်ကြီးပါပဲ'ဟူ၏။

www.burmeseclassic.com

www.burmeseclassic.com



အမှတ် (၂)

ကလေးက မေးသည်။

'ပြီးဆုံးအောင်မြင်သွားတဲ့အခါ ကွန်မြူနစ်စနစ်ဟာ ဘာနဲ့တူမလဲ အဖေ'

ဖခင်က ဖြေသည်။

'လူတိုင်း သူလိုချင်တာရမှာပေါ့'

ကလေးက စဉ်းစား၍ မေးပြန်၏။

'အသားပြတ်နေရင်ကော အဖေ'

'အသားဆိုင်မှာ ဆိုင်းဘုတ်တစ်ခု တွေ့ရမှာပေါ့ ယနေ့ ဘယ်သူမှ အသားမလိုလို့'ဟူ၏။

အမှတ် (၃)

'တော်လှန်ရေးကြီးပြီးတဲ့အခါ လူတိုင်း စတော်ဘယ်ရီနဲ့ နို့မလိုင်စားရမယ်'

'ဒါပေမဲ့ ကျွန်တော်က စတော်ဘယ်ရီနဲ့ မလိုင်ကို မကြိုက်ဘူး'

'တော်လှန်ရေးကြီး ပြီးတဲ့အခါ စတော်ဘယ်ရီနဲ့ မလိုင်ကို ခင်ဗျား ကြိုက်သွားပါလိမ့်မယ်'ဟူ၏။



အမှတ် (၄)

'အရင်းရှင်စနစ်မှ ကွန်မြူနစ်စနစ်ကြား အသွင်ကူးပြောင်းရေးကာလဟူသည် အဘယ်နည်း။

'အရက်စွဲခြင်း'ဟူ၏။




www.burmeseclassic.com

www.burmeseclassic.com





## ဂုဏ်ပြုပစ္စည်းက

အငြိမ်းစားယူသွားသူ ဝန်ထမ်းတစ်ယောက်ကို ဂုဏ်ပြုသော ညစာစားပွဲတစ်ခု ကျင်းပခဲ့သည်။ အမှတ်တရဂုဏ်ပြုလက်ဆောင်ပစ္စည်း ပေးအပ်သူ မိတ်ဆွေက ပြောကြားသည်မှာကား…

'လူကြီးမင်း ကျွန်တော်တို့နှင့်အတူ နှစ်ပေါင်းများစွာ အလုပ်လုပ်ခဲ့တာကို အမြဲတမ်း သတိရနေစေလိုတဲ့ ဆန္ဒနဲ့ အထူးမှာကြားပြုလုပ်ထားတဲ့ ဟောဒီရွှေနာရီကို ဂုဏ်ပြုလက်ဆောင် ပေးအပ်ချီးမြှင့်ပါတယ်၊ ဒီနာရီဟာ အချိန်နောက်ကျလေ့ရှိပြီး နေ့စဉ် နေ့တိုင်း ညနေလေးနာရီကျ ဆယ့်ငါးမိနစ်ကျော်မှာ သူ့အလိုလို ရပ်သွားလေ့ရှိပါတယ်၊ ဒါကြောင့် သံပတ်များများပေးဖို့လိုပါတယ်ခင်ဗျာ' ဟူ၏။



## ကြိုက်ကြိုက်, မကြိုက်ကြိုက်

ဓမ္မဆရာအိုကြီးတစ်ပါးသည် အသင်းတော်တစ်နေရာထဲမှာပဲ အနှစ်လေးဆယ် အမှုတော်ဆောင်ခဲ့သည့်အတွက် သူ၏ ကြာမြင့်စွာ အမှုတော်ဆောင်နိုင်ခဲ့သော ခွန်အားအစွမ်းနှင့် ပတ်သက်၍ သူ၏မိတ်ဆွေများက မေးမြန်းကြသောအခါ သူက ဤသို့ရှင်းပြလိုက်လေ၏။

'သူကိုက နေစေချင်လို့ ငါနေတယ်၊ သူတို့က မနေစေချင်လည်း ငါနေတယ်၊ ငါနေချင်တဲ့အခါ ငါနေတယ်၊ ငါ မနေချင်တဲ့အခါမှာလည်း ငါဆက်နေတယ်' ဟူ၏။



www.burmeseclassic.com

www.burmeseclassic.com





## ကောင်းပုံက

အသုဘများတွင် သွားလေသူအကြောင်း အကောင်းပြောဖို့ထက် မကောင်းပြောတာက ပိုများသည်မှာ ဓမ္မတာ။

တစ်ခါက အသုဘတစ်ခုတွင် ကွယ်လွန်သူ၏ အိမ်နီးနားချင်းတစ်ယောက်သည် ထိုလူ့အကြောင်းကို အခြားသူများထက် ပိုသိခဲ့သဖြင့် ဈာပနအခမ်းအနားတွင် သွားလေသူ၏ ကောင်းကွက်ကောင်းဂုဏ်ကလေးကို ထုတ်ဖော်ပြောကြားပေးပါရန် မေတ္တာရပ်ခြင်းခံရ၏။

ထိုအိမ်နီးနားချင်း မိတ်ဆွေလည်း အမြန်ဆုံးစဉ်းစား မိသမျှနှင့် ယခုလို ပြောချလိုက်သည်ဆို၏။



'ကျွန်တော့်ရှေ့မှာ ထာဝရအိပ်စက် လဲလျောင်းနေတဲ့ ပုဂ္ဂိုလ်ဟာ ကလိန်ကကျစ်၊ လူညစ်လူညာ၊ နည်းနည်းလေးမှ မကောင်းတဲ့ကလေကချေ အုတ်ကြားမြက်ပေါက်လို လူမျိုးပါ၊ ဒါ့အပြင် အင်မတန် ရန်လိုတတ်တဲ့ ဒုစရိုက်သမားတစ်ယောက်လည်း ဖြစ်ပါတယ်၊ ဒါပေမဲ့ သူ့ကောင်းကွက်ကလေးတစ်ခုကို ဖော်ထုတ်ရရင်တော့ ညီအစ်ကို ခြောက်ယောက်ရှိတဲ့အထဲက ကျန်လူတွေနဲ့ နှိုင်းယှဉ်တဲ့အခါ သူဟာ တကယ့်သူတော်ကောင်းနတ်သားကလေးပါပဲဗျာ' ဟူ၏။



www.burmeseclassic.com

www.burmeseclassic.com





## လိုက်လှဲစွာကြိုဆိုပုံက

နယ်သစ်ရှာ စွန့်စားသူ မိတ်ဆွေသူငယ်ချင်းတစ်စုသည် ကျွန်းတစ်ကျွန်းပေါ်မှ လူသားစား လူရိုင်းများ၏ လှိုက်လှဲစွာ ကြိုဆိုခြင်းကို ခံလိုက်ရ၏။

လူရိုင်းအုပ်ထဲမှ ထွားထွားကျိုင်းကျိုင်းနှင့် လူ့ဘီလူးကြီးတစ်ကောင် ထွက်လာ၏။ တစ်ယောက်ချင်းကို လိုက်၍ နှုတ်ဆက်၏။ ဧည့်သည်များ၏ လက်မောင်းတွေ၊ ခြေသလုံးတွေကို ကိုင်တွယ်ဖျစ်ညှစ်ကြည့်၏။ လက်သည်းရှည်ကြီးတွေနှင့် ထိုးကြည့်၏။ တရင်းတနှီး ပွေ့ဖက်၏။ တစ်ယောက်



ပြီးတစ်ယောက် ချီမြှောက်ကြည့်နေ၏။ ထို့ကြောင့် ဧည့်သည်များ၏ ခေါင်းဆောင်က ဒေသခံ လမ်းပြဖြစ်သူကို မေးလိုက်၏။

'ဒီလူက ဘယ်သူလဲကွ၊ ဧည့်ခံကြိုဆိုရေး အရာရှိလား' ဟု မေးလိုက်ရာ လမ်းပြလုပ်သူ၏အဖြေမှာကား…

'ကြိုဆိုရေးအရာရှိ မဟုတ်ဘူး ဆရာရေ၊ အာဟာရစစ်ဆေးရေးနဲ့ ရိက္ခာဝန်ကြီးဗျ' ဟူ၏။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com





## လိုက်လုံစွာကြိုဆိုပုံက

နယ်သစ်ရှာ ခွန်စားသူ မိတ်ဆွေသူငယ်ချင်းတစ်စုသည် ကျွန်းတစ်ကျွန်းပေါ်မှ လူသားစား လူရိုင်းများ၏ လိုက်လုံစွာ ကြိုဆိုခြင်းကို ခံလိုက်ရ၏။

လူရိုင်းအုပ်ထဲမှ ထွားထွားကျိုင်းကျိုင်းနှင့် လူ့ဘီလူးကြီးတစ်ကောင် ထွက်လာ၏။ တစ်ယောက်ချင်းကို လိုက်၍ နှုတ်ဆက်၏။ ဧည့်သည်များ၏ လက်မောင်းတွေ၊ ခြေသလုံးတွေကို ကိုင်တွယ်ဖျစ်ညှစ်ကြည့်၏။ လက်သည်းရှည်ကြီးတွေနှင့် ထိုးကြည့်၏။ တရင်းတနှီး ပွေ့ဖက်၏။ တစ်ယောက်



ပြီးတစ်ယောက် ချီမြှောက်ကြည့်နေ၏။ ထို့ကြောင့် ဧည့်သည်များ၏ ခေါင်းဆောင်က ဒေသခံ လမ်းပြဖြစ်သူကို မေးလိုက်၏။

'ဒီလူက ဘယ်သူလဲကွ၊ ဧည့်ခံကြိုဆိုရေး အရာရှိလား' ဟု မေးလိုက်ရာ လမ်းပြလုပ်သူ၏အဖြေမှာကား…

'ကြိုဆိုရေးအရာရှိ မဟုတ်ဘူး ဆရာရေ၊ အာဟာရစစ်ဆေးရေးနဲ့ ရိက္ခာဝန်ကြီးဗျ' ဟူ၏။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com





## အလုပ်မရှိပုံက

ကားပေါ်တွင် ခရီးသွားရင်း မိတ်ဆွေဖွဲ့၍ စကားပြော နေကြသည်မှာ...

'ခင်ဗျား အလုပ်မရှိဘူး ဟုတ်လား၊ အလုပ်မရှိတာ ဘယ်လောက်ကြာပြီလဲ' ဟု မေးလိုက်သဖြင့် အမေးခံရသူ က...

'အမေ သေကတည်းက' ဟု ဖြေလိုက်သဖြင့်...

'ခင်ဗျား အမေသေတာ ဘယ်လောက်ကြာပြီလဲ' ဟု မေးလိုက်ရာ ပြန်ဖြေလိုက်သည်မှာကား...

'ကျွန်တော်မွေးကတည်းက' ဟူ၏။



## လျှော့ပါ

သတင်းကြေညာသူ၏ အသံတချို့ကို ဤသို့ ကြားလိုက်ရ၏။

'မကြာခင်က အစိုးရရဲ့ လူဦးရေ တိုးတက်မှုနဲ့ပတ်သက်ပြီး လေ့လာတွေ့ရှိချက်အရ အမေရိကန်ပြည်ထောင်စုရဲ့ အချို့ဒေသတွေမှာ အမျိုးသမီးတစ်ဦးဟာ သုံးစက္ကန့်ကို ကလေးတစ်ယောက် မွေးဖွားတယ်လို့ ဆိုပါတယ်၊ ကျွန်တော့်အမြင်ကတော့ ဒီအမျိုးသမီးကို ရှာဖွေပြီး ရပ်တန့်က ရပ်စေသင့်ပါတယ်' ဟူ၏။



www.burmeseclassic.com

www.burmeseclassic.com





## လက်သမားပျံဆိုတာက

အိမ်နီးနားချင်း မိတ်ဆွေနှစ်ဦး စကားပြောနေကြ သည်မှာ...

ပ-လူ ။ ။ 'ခင်ဗျားက ဘာလုပ်သလဲ'

ဒု-လူ ။ ။ 'ကျွန်တော်က လက်သမားပျံပါ'

ပ-လူ ။ ။ 'လက်သမားပျံဆိုတော့ ကျွန်တော့်အိမ်က မိရှိလို နေလို့ အပ်ချင်လိုက်တာ၊ ခင်ဗျားအားရင် တွက် ချက်ပေးပါဦး၊ ခင်ဗျား အခု ဘယ်မှာလုပ်နေ သလဲ'

ဒု-လူ ။ ။ 'အခု ဘယ်မှာမှ မလုပ်ပါဘူး၊ ဟိုဘက်များက အိမ်က ကျုပ်လက်ရာ မကြိုက်ဘူးဆိုတာနဲ့ ပြ လာခဲ့တာပဲ၊ ဒါကြောင့် လက်သမားပြန်လို့ ခေါ် ကြတာပါ'ဟူ၏။

※ ※ ※



## ဖြစ်နေကြပုံများ

တစ်ခါက မျက်စိမမြင်သောသူ၊ ခြေတစ်ဖက်ဆာ နေသောသူ၊ နားထိုင်းနေသူနှင့် လံကွတ်တီတစ်ထည်သာ ဝတ် ဆင်ထားသူ လူလေးဦးတို့ အဆွေခင်ပွန်းဖြစ်ကြပြီး ခရီးတစ်ခု ကို အတူသွားကြ၏။ တောလမ်းခရီးတစ်ခုသို့ အရောက်တွင် နားထိုင်းနေသူက...

'ဟော့... ဟော့ကောင်တွေ၊ ရှေ့နားက လူသံကြား တယ်'ဟု ပြောလိုက်သဖြင့် မျက်မမြင်ကလည်း ထအော် သည်။



www.burmeseclassic.com

www.burmeseclassic.com





'လူဆိုးတွေဟေ့၊ ဓားတွေကိုင်ထားတယ်'ဟု ပြောလိုက်ရာ ခြေတစ်ဖက်ဆာနေသူက····

'ဒါဆို အမြန်ပြေးကြရအောင်ပေါ့'

ဟု ထောက်ခံလိုက်ပြီး လံကွတ်တီနှင့်လူက ပြောလိုက်သည်မှာကား···

'ဟုတ်တယ်ဗျို့··· ဟုတ်တယ်၊ ခင်ဗျားတို့ပြောသလို အမြန်ပေးမှ၊ ဒါမှမဟုတ်ရင် ငါတို့ဆီက အဝတ်တွေ အကုန်ချွတ်ယူသွားလိမ့်မယ်'ဟူ၏။

❦ ❦ ❦



# လက်ဖွဲ့လိုက်လို့

တောင်းရမ်းခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသော သူတောင်းစားတစ်ဦးသည် လန်ဒန်မြို့ရှိ ၄င်းတောင်းရမ်းနေကျနေရာတွင် အခြားလုပ်ဖော်ကိုင်ဖက် မိတ်ဆွေသူတောင်းစားတစ်ဦးအားတွေ့သျှင်···

'ဟေ့ကောင်··· ဒီနေရာမှာ ဘာလာလုပ်နေတာလဲ၊ မင်းတောင်းတဲ့နေရာက လန်ဒန်တံတားကြီးနားမှာမဟုတ်လား'

ထိုသူတောင်းစားက ပြန်ဖြေလိုက်သည်မှာကား···

'အေး··· ဟုတ်ပါတယ်ကွ၊ ဒါပေမဲ့ အဲဒီနေရာကို ငါ့သားအတွက် မင်္ဂလာလက်ဆောင်အဖြစ် လက်ဖွဲ့လိုက်လို့ပါကွ'ဟူ၏။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com





## အမွေစွန့်ပါ

ဖခင်၏ ရိုက်နှက်ဆုံးမခြင်းကို ခံရမည့်အချိန်တွင် သားငယ်လေးက မေးသည်။

'ဖေဖေ ငယ်ငယ်တုန်းက အဘိုးက ဖေဖေ့ကို အခုလိုပဲ ရိုက်နှက်ဆုံးမသလား'

'အရိုက်ခံရတာပေါ့ကွ'

'အဘိုးရဲ့အဖေကရော သူ့ကို ရိုက်ဆုံးမခဲ့သလား ဖေဖေ'

'သူတို့လည်း ရိုက်နှက်ဆုံးမခဲ့မှာပေါ့ကွာ'

'အဲဒီလိုဆိုရင် သားစဉ်မြေးဆက် အမွေရလာတဲ့ ကလေးသူငယ် နှိပ်စက်ညှဉ်းပန်းမှုကို ရပ်ပစ်ဖို့ မစဉ်းစားကြတော့ဘူးလား' ဟူ၏။



## မကြိုက်မှဝယ်ပါ

မြေးအဘိုးနှစ်ဦး ဤသို့ပြောနေကြ၏။

'ကဲ··· ငါ့မြေးလေးမွေးနေ့မှာ အဘိုး ဘာလက်ဆောင်ပေးရမလဲကွယ့်' ဟု မေးလိုက်ရာ မြေးလေးက···

'သီချင်းခွေတ်ပြားပဲ ဝယ်ပေးပါ' ဟု ပြောလိုက်သဖြင့် အဘိုးက···

'ဘယ်လိုခွေတ်ပြား ဝယ်ပေးရမှာလဲ၊ အဘိုးမှမသိဘဲ' ဟု ပြောလိုက်ရာ မြေးလေး ပြန်ပြောလိုက်သည်မှာကား···

'ခွေတ်ပြားတွေကို အရင်ဖွင့်ပြီး နားထောင်ကြည့်ပေါ့၊ အဘိုးမကြိုက်တာဆိုရင် ဝယ်သာဝယ်ခဲ့၊ သားကြိုက်မှာပါ' ဟူ၏။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com





## အကြံကောင်း

သင်တို့အိမ်အတွင်းသို့ သူခိုးဝင်နေလျှင် အနီးအနားမှ အိမ်နီးချင်းမိတ်ဆွေများ လာရောက်၍ အကူအညီပေးစေလိုပါက လုပ်ဆောင်ရန် အဓိကအချက်ကို ပြင်သစ်စာရေးဆရာတစ်ဦးက ဤသို့ အကြံပြု၏။

'သူခိုး… သူခိုးလို့ ဘယ်တော့မှ မအော်နဲ့၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအသံကြားရင် ပတ်ဝန်းကျင်က လူတွေမှာ သူတို့အိမ်ကို သူခိုးဝင်မလာဖို့ စောင့်နေရတာနဲ့ မိတ်ဆွေရဲ့အိမ်ကို ရောက်လာမှာမဟုတ်ဘူး၊ ဒါကြောင့် မီးဗျို့… မီး… မီး…သာ အော်လိုက်၊ ဘေးနားကလူတွေ ချက်ချင်း ရောက်လာလိမ့်မယ်' ဟူ၏။



## ခွေးနဲ့လင်

မိန်းမဖြစ်သူ လာချပေးသည့် ဟင်းချိုပန်းကန်ကို ကြည့်၍ ယောကျ်ားဖြစ်သူ၏မျက်နှာသည် ရှုံ့မဲ့သွားသည်။ မိန်းမချက်ထားသော ဟင်းချိုသည် မျက်မြင်အရုပင် လုံးဝသောက်ချင်၊ စားချင်စရာမရှိ။ အနံ့ဆိုးကလည်း ထွက်ချင်ချင်နှင့်။ ထို့ကြောင့် ယောကျ်ားဖြစ်သူက အိမ်ကခွေးကို ကြည့်လိုက်မိရာ ခွေး၏ရှေ့တွင်လည်း ထိုဟင်းချိုကို ပန်းကန်ထဲ ထည့်ထားသည်ကို တွေ့လိုက်ရသည်။ ခွေးကလည်း ထိုဟင်းချိုကို မသောက်။ ထိုအခါ ယောကျ်ားဖြစ်သူ၏ မျက်နှာရိပ်မျက်နှာကဲကို ကြည့်နေသော မိန်းမဖြစ်သူက ပြောလိုက်သည်မှာကား…



www.burmeseclassic.com

www.burmeseclassic.com






'ဒီဟင်းချိုကို ရှင်မကြိုက်သလို ခွေးကလည်း မကြိုက်ဘူးဆိုတာ ကျွန်မသိပါတယ်၊ ဒါပေမဲ့ သူက ခွေး တိရစ္ဆာန်၊ သူ့ကို ဘယ်လိုမှ ချော့ကျွေးလို့မရဘူးရှင့်၊ ရှင်က သာ…'ဟု၏။

✣ ✣ ✣



## ချစ်,ချစ်မျှားရှင်

လွန်ခဲ့သော ၁၈ နှစ်ကျော်ခန့်က စိန်ငှက်ရိုးတို့မြို့ကလေးတွင် ချစ်စွမ်းအားများ၍ အချစ်ကျမ်းကြေသူ မိန်းကလေးတစ်ဦးရှိခဲ့သည်။

သူသည် ကလေးမွေးကာစကလေးနှင့်အတူ ပေါင်မုန့်ဖုတ်ရောင်းသူတစ်ဦး၏ ဆိုင်ထဲသို့ ဝင်လာပြီး…

'သူဟာ ရှင်နဲ့ရတဲ့ကလေးလေ၊ ဒီတော့ နှစ်နှာကြေးဘာပေးမှာလဲ'ဟု မေးလိုက်ရာ ပေါင်မုန့်ဖုတ်သမားက…

'ဒီကလေး ဆယ့်ရှစ်နှစ်ပြည့်တဲ့နေ့အထိ ငင်းတို့သားအမိကို ပေါင်မုန့်အလကားပေးမယ်'ဟု ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com





ဤသို့ဖြင့် နှစ်ဦးသဘောတူ သွားကြ၍ နှစ်ပေါင်း များစွာ ကြာမြင့်ပြီး နေ့တစ်နေ့တွင် လူငယ်တစ်ဦးသည် ပေါင်မုန့်ဖိုသို့ရောက်ရှိလာပြီး…

'ကျွန်တော် မနက်ဖြန်ဆိုရင် ဆယ့်ရှစ်နှစ်ပြည့်ပြီ' ဟု ပေါင်မုန့်ဖိုပိုင်ရှင်အား ပြောပြသည်။ ထိုအခါ ပေါင်မုန့်ဖိုပိုင်ရှင်က…

'အေး… ငါလည်းသိပါတယ်ကွာ၊ မင်းအမေကို ပြောလိုက်ပါ၊ ဒီနေ့ပေးတဲ့ ပေါင်မုန့်ဟာ နောက်ဆုံးပေးခြင်းပဲလို့၊ ပြီးတော့ မင်းအမေရဲ့ မျက်နှာကို အကဲခတ်ကြည့်စမ်း ဘယ်လိုနေသလဲလို့' ဟု ပြောလိုက်သည်။



ထိုလူငယ်သည် အိမ်သို့ပြန်သွားပြီး ပေါင်မုန့်ဖိုပိုင်ရှင် ပြောလိုက်သည်များကို သူ့အမေအား ပြန်လည်ပြောပြသည်။ ထိုအခါ သူ့အမေက အပြုံးအရယ်မပျက် ပြန်ပြောလိုက်သည်မှာကား…

'ဒီမှာသား… သူ့ဆီကို ပြန်သွား၊ အမေ့ကို ဆယ့်ရှစ်နှစ်လုံးလုံး အမဲသားအလကားပေးတဲ့လူရှိတယ်၊ နွားနို့ အလကားပေးတဲ့လူရှိတယ်၊ မီးဖိုချောင်သုံး ဟင်းသီးဟင်းရွက်တွေ အလကားပေးတဲ့လူရှိတယ်လို့ သွားပြောလိုက်၊ ပြီးတော့ သူ့မျက်နှာ ဘယ်လိုခံစားနေရသလဲဆိုတာကို သေသေချာချာကြည့်ခဲ့' ဟူ၏။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com





## ချစ်ရင်မငိုနဲ့

လက်ထပ်ပွဲအပြီးတွင် ငိုရှိုက်နေသော သတို့သမီးအား မိတ်ဆွေဖြစ်သူက…

'သူငယ်ချင်းရယ်… ဘာဖြစ်လို့ ငိုနေတာလဲကွယ်'

'သူ့မှာ အိမ်ထောင်ရှိတယ်ဆိုတာရယ်၊ ကလေးငါး ယောက်ရှိတယ်ဆိုတာရယ်၊ မင်္ဂလာပွဲကျမှ သိရတယ်'ဟူ၍ သတို့သမီးက ပြန်ဖြေလိုက်သဖြင့်…



'သြော်… အဲဒါကြောင့် မင်းဟာ စိတ်ထိခိုက်နေတာကိုး'ဟူ၍ ပြောလိုက်သဖြင့် သတို့သမီးက ပြန်ဖြေလိုက်သည်မှာကား…

'ကိုယ်ကသာ စိတ်ထိခိုက်နေတာ မဟုတ်ပါဘူး၊ ကိုယ့်ကလေး လေးယောက်ကလည်း စိတ်မချမ်းမသာဖြစ်နေတယ်လေ'ဟူ၏။



www.burmeseclassic.com

www.burmeseclassic.com





## မှန်ပုံက

ဂျင်မီသည် စစ်ကြီးပြီးကတည်းက ကွဲသွားသော သူငယ်ချင်းဟောင်းနှင့် ပထမဆုံးအကြိမ် ပြန်လည်တွေ့ဆုံသည်။ ထိုသူငယ်ချင်းက…

'ဟေ့ကောင်… ဂျင်မီ၊ မင်း နေကောင်းရဲ့လား မင်းတွဲနေကျ ဟိုကောင်မလေးနဲ့ ယူဖြစ်သလား၊ ဒါမှမဟုတ် ကိုယ့်ဘာသာ ချက်စားရတုန်းပဲလား၊ မီးပူတိုက်နေတုန်းပဲလား' ဟု မေးလိုက်သဖြင့် ဂျင်မီက ပြန်ဖြေလိုက်သည်မှာကား…

'အေး… သူနဲ့ ယူဖြစ်ပါတယ်၊ မင်း ခုနပြောတာ တွေလည်း အားလုံးမှန်ပါတယ်' ဟူ၏။

✣ ✣ ✣



## ဝေးလေလေ ကောင်းလေလေ

တစ်ခါက ပန်းချီပြခန်းထဲသို့ လေ့လာသူ မိတ်ဆွေနှစ်ယောက် ရောက်ရှိလာပြီး ပန်းချီကားများကို စေ့စပ်သေချာစွာ ကြည့်ရှုနေလေသည်။

ထိုစဉ် ပန်းချီကားတစ်ချပ်ကို ဝေဖန်လေ၏။

ပထမလူ- 'ဒီပန်းချီကားက အဝေးမြင်ပန်းချီကား ကွ၊ အဝေးကကြည့်ရင် ပိုကောင်းတယ်'

ဒုတိယလူ- 'အေး… ဟုတ်တယ်ကွ၊ ဝေးလေလေ ပိုကောင်းလေလေပဲ'

ထိုအခါ ပန်းချီဆရာသည် ရုတ်တရက်ထ၍ ပြောလိုက်လေသည်။

'မထူးပါဘူးကွာ၊ မမြင်ရလေလေ ပိုကောင်းလေလေပဲ ဆိုသာ ပြောလိုက်ပါတော့ဗျာ' ဟု ဆို၏။

✣ ✣ ✣

www.burmeseclassic.com

www.burmeseclassic.com





## အစားလောဘ

တစ်ခါက စားရသလောက် ငတ်သော ကလေးတစ်ယောက်ရှိလေသည်။ သူ့အဘိုး နေမကောင်းဖြစ်သောအခါ သူ့အမေသည် အဘိုးစားရန်အတွက် မုန့်ပဲသားရေစာများ ဝယ်ယူလေသည်။

ထိုအခါ စားရသလောက် ငတ်သောကလေးသည် သူ့အမေအနားသို့ကပ်၍ . . .



စားရသလောက်ငတ်သောကလေး။ ။ အမေ အဘိုး ခဏခဏ
နေမကောင်းဖြစ်ရင်
သိပ်ကောင်းမှာပဲနော်'

အမေ ။ ။ 'ဘာဖြစ်လို့လဲ သားရဲ့'

စားရသလောက် ငတ်သောကလေး။ ။ 'နေမကောင်း ဖြစ်ရင်
အဘိုးမကုန်တဲ့မုန့်တွေ
သား အကုန်စာရမှာပေါ့
မေမေ' ရဲ့ဟူ၏။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com





## စိတ်ကူးယဉ်စွမ်းအားရှင်

ဆင်းရဲနွမ်းပါးသော ညားခါစ လင်မယားနှစ်ယောက်သည် ချစ်ရေးချစ်ရာ စကားများကို နှီးနှောဖလှယ်နေကြ၏။

မိန်းမ ။ ။ 'မောင် အချစ်ကို ဘာလို့ယူဆသလဲ'

ယောကျ်ား ။ ။ 'အချစ်ဆိုတာ တန်ခိုးရှင်တစ်မျိုးပဲပေါ့ ကွယ်'

မိန်းမ ။ ။ 'ဟင် … ဒါဆိုရင် မောင်က တန်ခိုးရှင်ပဲ လေ၊ ကျွန်မတို့အတွက် တိုက်နဲ့ ကားနဲ့ရယ်၊ ပြီးတော့ ဖုန်းရယ် ရအောင်စွမ်းဆောင်နိုင် ခဲ့မှာပေါ့နော်'

ယောကျ်ား ။ ။ 'အင်း …'

✣ ✣ ✣



## အရင်အတိုင်းပဲ

ရုပ်ရှင်သရုပ်ဆောင်ရန် ခေါ်သော ဆိုင်းဘုတ်တစ်ခုကို ဖတ်ပြီး ပြန်လာသော သရုပ်ဆောင်ရန် အလွန်ဝါသနာပါသော အပျိုကြီးတစ်ယောက်သည် သူ၏မိတ်ဆွေသူငယ်ချင်းများ မေးလေသည်။

အပျိုကြီး ။ ။ 'ဟဲ့ … နင်တို့ ငါ့ကို ဘယ်လိုမြင်သလဲ၊ ရုပ်ရည်ကော စတိုင်လ်ကော အားလုံး ပြောတာနော်'



www.burmeseclassic.com

www.burmeseclassic.com





သူငယ်ချင်းများ။ ။'အရင်တုန်းကတော့ နင့်ရုပ်က မယ်ကုဝဏ်သံပရာသီးစားနေတဲ့ရုပ်၊ စတိုင်လ်ကတော့ မျောက်ကို ငှက်ပျောသီးပေးလို့ကနေတဲ့အတိုင်းပဲ'

အပျိုကြီး ။ ။'ဟယ်… ဒါဆို အခုရော'

သူငယ်ချင်းများ ။ ။'အရင်အတိုင်းပဲလေ'ဟူ၍ဖြစ်သည်။

✣ ✣ ✣



## ဖြစ်ပုံက

မိုးဦးကျရာသီအစတွင် ဖြစ်သည်။

တောင်းရမ်းစားသောက်နေသော လူတစ်ယောက်သည် ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ သာဓုပါဗျာ၊ သာဓုပါဗျာဟု တောင်းရမ်းနေစဉ်…

မိုးများ တဖွဲဖွဲကျရောက်လာပါသည်။

ထိုအခါ ၎င်းသည်…

ကျန်းမာပါစေ၊ ချမ်းသာပါစေဟု မရွတ်တော့ဘဲ ရွာနေသော မိုးကိုသာ ဆဲဆိုနေပါတော့၏။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com



# ဖြစ်ရလေခြင်း

တစ်နေ့တွင် အလွန်လောဘကြီးသော မဂ္ဂဇင်းတိုက်ပိုင်ရှင်ဆီသို့ သေသေသပ်သပ်ဖြင့် ဝတ်စားထားသော ဧည့်သည်တစ်ယောက် ရောက်ရှိလာလေသည်။

မဂ္ဂဇင်းတိုက်ပိုင်ရှင်သည် ၄င်း ရောက်လာသူအား သူ့အတွက် ဝင်ငွေကောင်းကောင်းပေးမည့်သူ ထင်သဖြင့် ချိုချိုသာသာနှင့်...







မဂ္ဂဇင်းတိုက်ပိုင်ရှင် ။ ။ 'လာပါခင်ဗျာ... ကြွပါ၊ ထိုင်ပါ၊ ဘာကြော်ငြာလေးများ ထည့်ချင်လို့ပါသလဲဗျာ' မေးလိုက်လေသည်။

ဧည့်သည် ။ ။ 'ကြော်ငြာထည့်မလို့ မဟုတ်ပါဘူးဗျာ၊ စာမူလာပို့တာပါ'

ထိုစဉ် မဂ္ဂဇင်းတိုက်ပိုင်ရှင်သည် အာမေဋိတ်သံတစ်ခု ထွက်ပေါ်လာလေသည်။ ထိုစကားမှာ...

'အမယ်လေး... ဖြစ်ရလေခြင်းရယ်' ဟူ၏။

✣ ✣ ✣

www.burmeseclassic.com

www.burmeseclassic.com



## မဝင်ရ ကိုက်တတ်သည်

တစ်နေ့တွင် လင်မယားနှစ်ယောက်သည် အကြီးအကျယ် ရန်ဖြစ်ကြလေ၏။

လင်ယောကျ်ားသည် စိတ်ဆိုးပြီး အိမ်ပေါ်မှဆင်းသွားသောအခါ ညအိပ်ရာဝင်ခါနီး၌ပင် ပြန်ရောက်မလာပေ။

ထို့စဉ် မိန်းမသည် စိတ်ဆိုးဆိုးဖြင့် အောက်ပါအတိုင်း ဘုတ်တစ်ခုကို အိမ်ခန်းတံခါးဝ၌ ချိတ်ဆွဲထားလိုက်လေသည်။

ငှင်းဆိုင်းဘုတ်မှာ 'မဝင်ရ ကိုက်တတ်သည်' ဟူ၍ ဖြစ်သည်။

❖ ❖ ❖







## စိတ်ဝင်စားသောနေ့

အလုပ်လုပ်ရန် အလွန်ပျင်းသော ဝန်ထမ်းတစ်ယောက်ကို မန်နေဂျာမှ ဒေါသအလွန်ဖြစ်ကာ ဤသို့မေးလိုက်လေသည်။

မန်နေဂျာ ။ ။ 'ဟေ့… မင်း အလုပ်စဝင်ကတည်းက အလုပ်ကို စိတ်ဝင်စားတဲ့နေ့ ဘယ်နေ့ရှိသလဲ'

ဝန်ထမ်း ။ ။ 'ရှိပါတယ် ဆရာ'

မန်နေဂျာ ။ ။ 'ဘယ်နေ့လဲကွ'

ဝန်ထမ်း ။ ။ 'အလုပ်ပိတ်တဲ့နေ့ပါ ဆရာ' ဟူ၏။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## သိမှာပေါ့

အလွန်ဆူပူကြိမ်းမောင်းတတ်သော မန်နေဂျာသည် ဝန်ထမ်းတစ်ဦးအား အလုပ်ပေးထားရာ လုပ်ရက်ပြည့်သည့်တိုင်အောင် မပြီးဘဲရှိလေရာ မန်နေဂျာသည် ဒေါသအလွန်ဖြစ်ကာ ဤသို့မေးလိုက်လေသည်။

မန်နေဂျာ ။ ။ 'ဟေ့... မင်းကို အလုပ်ပေးထားတာ ဘယ်နှစ်ရက်ရှိပြီလဲကွ'

ထိုအခါ ဝန်ထမ်း ပြန်ဖြေလိုက်ပုံက 'ဆရာပေးထားတာပဲ၊ ဘယ်နှစ်ရက်ရှိပြီလဲဆိုတာ ဆရာသိမှာပေါ့' ဟူ၏။

❖ ❖ ❖





## တစ်ခွက်တည်းပါ

လင်မယားနှစ်ယောက် ရန်ဖြစ်ကြ၍ ယောကျ်ားသည် စိတ်ညစ်ပြီး အရက်များကို အလွန်အကျွံသောက်၍လာလေသည်။ ထိုအခါ မိန်းမသည် အိမ်ပေါက်ဝမှဆီး၍ ရန်တွေ့လိုက်ပါသည်။

မိန်းမ ။ ။ 'ဟဲ့... နင် ဒီလောက်မူးရူးလာသလား၊ သွား... ငါ့အိမ်ပေါ်မတက်နဲ့၊ သွား'

ယောကျ်ား ။ ။ 'မဟုတ်ရပါဘူး မိန်းမရာ၊ တစ်ခွက်တည်းပါ'

ထိုအခါ မိန်းမသည် စိတ်တိုတိုနှင့် ယောကျ်ားဖြစ်သူအား အော်ထည့်လိုက်လေသည်။


မိန်းမ ။ ။ 'ဘာတစ်ခွက်တည်းလဲ၊ ရှင့်တစ်ခွက်က စည်ပေပါကို ကိုင်းတပ်ထားတဲ့ ခွက်ကြီးလား' ဟူ၍ဖြစ်သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com





## မတော်တဆ

အမြဲတမ်း လွဲလွဲချော်ချော်ဖြစ်နေသော လင်ယောက်ျားသားကို မိန်းမဖြစ်သူက ဆူပူကြိမ်းမောင်းနေလေသည်။

မိန်းမ ။ ။ 'ရှင် ဒီလောက် လွဲလွဲချော်ချော်ဖြစ်နေတာ ရှင့်ကိုယ်ရှင် သတိလေး ဘာလေးလည်း ထားဦး'

ယောက်ျား ။ ။ 'မတော်တဆဖြစ်နေတာပါ မိန်းမရာ'

မိန်းမ ။ ။ 'ဘာမတော်တဆလဲ၊ ခုအချိန်အထိ မတော်တဆနဲ့ပဲ၊ ရှင့် မတော်တဆက ကျွန်မတောင် ကလေး (၅)ယောက်ရနေပြီရှင့်'ဟူ၍ဖြစ်သည်။

✣ ✣ ✣



## နင်းနိုင်ပါတယ်

အလွန်ဆိုးနေသော သားတစ်ယောက်ကို မိခင်တို့ ဆိုဆုံးမနေလေသည်။

မိခင် ။ ။ 'သား မင်း ဒီလောက်ဆိုးနေရသလား၊ လိမ်လိမ်မာမာ နေစမ်းပါ၊ ငါတို့ခြေရာကို နင်းနိုင်သလောက် လိုက်နင်းစမ်းပါ'

သား ။ ။ 'နင်းနိုင်ပါတယ် အမေ'

မိခင် ။ ။ 'ဘယ်သူ့ခြေရာကို လိုက်နင်းနိုင်တာလဲ'

သား ။ ။ 'သားခြေရာ သားနင်းတာပါ မေမေ'ဟူ၍ဖြစ်သည်။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com





## အိပ်ဆေး

ချစ်သူကောင်လေးနှင့် ကောင်မလေးတို့သည် ချစ်စကားများကို နှီးနှောနေကြ၏။

ကောင်လေး ။ ။ 'ခင်··· ခင့်ကို စတွေ့ပြီးကတည်းက ကိုယ် ညည အိပ်လို့မပျော်ဘူးကွယ်၊ ကိုယ်တို့ အမြန်ဆုံး လက်ထပ်ကြရအောင်လား'

ကောင်မလေး ။ ။ 'ဟင်··· ကိုကလည်း၊ ညည အိပ်မပျော်တာနဲ့ ခင်နဲ့ လက်ထပ်တာနဲ့ ဘာဆိုင်လို့လဲ'

ကောင်လေး ။ ။ 'အချစ်ဟာ အိပ်ဆေးပဲလေ၊ ခင်နဲ့လက်ထပ်လိုက်ရင် ကိုယ် ညည အိပ်ပျော်မှာပေါ့ကွယ်' ဟူ၏။

✣ ✣ ✣



## အားနာလို့

တစ်ခါက အဒေါ်ဖြစ်သူသည် ဈေးရောင်းနေသော တူမဖြစ်သူအား အရင်းပင် ကောင်းကောင်းမရ၍ ဆူပူကြိမ်းမောင်းနေလေသည်။

အဒေါ် ။ ။ 'ညည်း ဈေးရောင်းတာကလည်း အမြတ်ကို မရဘူး၊ အရင်းတောင် ကောင်းကောင်းမကျန်ဘူး'

တူမ ။ ။ 'အားနာလို့ အဆစ်ပေးရင်းနဲ့ များသွားလို့ပါ'

ထိုအခါ အဒေါ်ဖြစ်သူ စိတ်တိုတိုနှင့် ပြန်ပြောလိုက်ပုံမှာ···

အဒေါ် ။ ။ 'အေး··· ကျုပ်တုန်းကလည်း အားနာလို့ဆိုပြီး အလကားပေးလိုက်တာ အခုမွေးလာတဲ့ကလေးတွေ တစ်ယောက်မှ အဖေမပေါ်သေးဘူး' ဟူ၍ ဖြစ်သည်။

✣ ✣ ✣

www.burmeseclassic.com

www.burmeseclassic.com



# ကြိုက်မရှက် ငတ်မရှက်

အိမ်ရှင်များ ထမင်းစားနေချိန်တွင် ဧည့်သည်တစ်ဦး ရောက်ရှိလာလေသည်။

ထိုအခါ အိမ်ရှင်များသည် လောကဝတ်နှင့်အညီ ဧည့်သည်အား ထမင်းခေါ်ကျွေးလေသည်။ ဧည့်သည်မှာလည်း အလွန်ဆာလောင်နေသဖြင့် 'ကြိုက်မရှက် ငတ်မရှက်' ဟူသော စကားနှင့်အညီ ဣန္ဒြေပင် မဆည်နိုင်တော့ဘဲ အားပါးတရ ဝင်ရောက်စားသောက်လေသည်။ ထိုအခါ အိမ်ရှင်သည် 'ငတ်မရှက်' ဝင်စားနေသော ဧည့်သည်အား ကြည့်မရတော့သဖြင့်







လှတောသား ဟာသတစ်ပုဒ်အား စဉ်းစားမိပြီး အောက်ပါအတိုင်း ပြောချလိုက်လေသည်။

စားကွာ… စား၊ မင်းစားနေတာကြည့်ပြီး အားကျလိုက်တာ၊ သေသွားတဲ့ ငါ့အိမ်က ခွေးကြီးစားနေတာနဲ့ တူလိုက်တာ' ဟူ၏။

(ထိုအခါ ဧည့်သည် ဆက်၍စားရမလို ရယ်ရမလို ဖြစ်သွားလေသည်။)

(ဝန်ခံချက်)

(လှတောသားဟာသအား မှီငြမ်းသည်။)

✣ ✣ ✣

www.burmeseclassic.com

www.burmeseclassic.com



## ကောင်းပါတယ်

အိမ်နီးချင်းကောင်မလေးတစ်ယောက်ကို ပိုးပန်းနေသော လူတစ်ယောက်သည် သံစဉ်မပီသဘဲ ဂစ်တာကို တဂွမ်ဂွမ်နှင့်တီး၍ ရင်တွင်းခံစားမှု သီချင်းများကို အော်ဟစ်သီဆိုနေလေသည်။

ထိုအခါ ကောင်မလေးသည် အလွန်နားညည်းပြီး စိတ်ညစ်၍ လှမ်းအော်လိုက်လေသည်။

'ကောင်းပါတယ် ကိုသာမိုးရေ'ဟူ၏။

ထိုအခါ ကိုသာမိုးသည် သူ့အား ကောင်းပါတယ်လို့ ပြောလိုက်သဖြင့် ပျော်ရွှင်သွားလေသည်။

ထိုစဉ် ကောင်မလေးဆက်၍ပြောလိုက်ပုံမှာ 'ကောင်းပါတယ်ဆိုတာ စိတ်ညစ်ပြီး လဲသေဖို့ကို ပြောတာနော်'ဟူ၍ ဖြစ်သည်။

✣ ✣ ✣



## ဝါသနာ

ကျွန်တော့်သူငယ်ချင်းတစ်ယောက်၏ မိန်းမသည် ကျွန်တော့်ထံ ရောက်ရှိလာပါသည်။

သူငယ်ချင်းမိန်းမ ။ ။'ရှင့်သူငယ်ချင်းဟာ ကျွန်မနဲ့ လက်မထပ်ခင်က မိန်းမဆိုရင် ကျွန်မကလွဲရင် ဘယ်မိန်းမကိုမှ စိတ်မဝင်စားဘူးဆိုတာ ကျွန်မယုံခဲ့တယ်၊ ဒါပေမဲ့ အခု ရှင့်သူငယ်ချင်းက မိန်းမတွေမြင်ရင် ထမင်းမေ့ ဟင်းမေ့ ကျွန်မကိုတောင် မေ့ထားတယ်ရှင့်'

ကျွန်တော် ။ ။ 'ဘယ်မိန်းမတွေကိုမြင်ရင်လဲ'

'သူငယ်ချင်းမိန်းမ ကိုရိုးယားကားထဲက မိန်းမတွေကို မြင်ရင်လေ'ဟူ၏။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com



## အငှားလိုက်သည်

ရန်ကုန်မှ ပြန်လာသော သူငယ်ချင်း၏ မိန်းမသည် သူယောကျ်ားအကြောင်းအား ပြောလာပါသည်။

သူငယ်ချင်းမိန်းမ ။ ။ 'ရှင့်သူငယ်ချင်း ရန်ကုန်မှာ အရမ်း အောင်မြင်နေတယ်လေ'

ကျွန်တော် ။ ။ 'ဟုတ်လား၊ ဘာလုပ်ငန်းနဲ့လဲ'

သူငယ်ချင်းမိန်းမ ။ ။ 'အအိပ်နဲ့အစား အငှားလိုက်တဲ့ လုပ်ငန်းနဲ့လေ' ဟူ၏။

❖ ❖ ❖





## သူဌေးဖြစ်နည်း

နယ်မှ မြို့တက်သွားသော သူငယ်ချင်းနှစ်ယောက် လမ်းတွင် အမှတ်မထင်ဆုံမိကြ၏။

ပထမသူငယ်ချင်း ။ ။ 'ဟာ… သူငယ်ချင်း၊ မင်း တော် တော်လေးကြီးပွားချမ်းသာလို့ပါလား၊ ငါဖြင့်ကွာ တောကတက်လာကတည်းက သူဌေးဖြစ်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကြိုးစားလာတာ၊ အခုအချိန် အထိကို မချမ်းသာသေးဘူး'

ဒုတိယသူငယ်ချင်း ။ ။ 'သူဌေးဖြစ်တဲ့နည်းလမ်းက လွယ် လွယ်လေးပါကွာ'

ပထမသူငယ်ချင်း ။ ။ 'ဘယ်လိုနည်းလမ်းလဲကွ'

ဒုတိယသူငယ်ချင်း ။ ။ 'လွယ်လွယ်လေးပါကွာ၊ သူဌေးဖြစ် ချင်ရင် သူဌေးသမီးကို ရှာယူစေကွာ' ဟူ၏။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com





## သူကြီးသား

ရွာထဲတွင် ကလေးနှစ်ယောက် ဆော့ကစားနေရင်း ငြင်းခုံပြီး ရန်ဖြစ်ကြလေသည်။

ပထမကလေး ။ ။'ဟောကောင်. . .မင်း ငါ့ကို ဘာကောင် အောက်မေ့လို့လဲ၊ ငါ့အဖေ သူကြီးကွ'

ဒုတိယကလေး ။ ။'ဘာသူကြီးလဲကွ'

ပထမကလေး ။ ။'အိုးသူကြီးပေါ့ကွ၊ အိုးသူကြီး' ဟု ပြောလိုက်လေသည်။

(မှတ်ချက်)

အိုးသူကြီးဆိုသည်မှာ ရပ်ထဲရွာထဲတွင် အလှူအတန်းများရှိလျှင် ချက်ပြုတ်ရေးကို ဦးဆောင်ချက်ပြုတ်ရသောသူ ဖြစ်ပါသည်။

စိန်ငှက်ရိုး

www.burmeseclassic.com